# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ရက်၊ ကြာသပတေးနေ့၊ (27-9-2007) (၅၄၅၃)



**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


# တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့)ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကျင်းပ




တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာမင်္ဂလာ အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

**ရန်ကုန်  စက်တင်ဘာ  ၂၆**

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ၁၃၆၉ခုနှစ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်း ၂၁ သင်းမှ အသင်းသား၊ အသင်းသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဘာသာရေး ဝတ်အသင်းအဖွဲ့များက နတ်ပြဟ္မာများကို ပင့်ဖိတ်ခြင်း၊ သမ္မာသမ္ဗုဒ္ဓသုံးလောကထွတ်ထားမြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ အဂ္ဂသာဝကနှစ်ဆူဖြစ်သော ရဟန္တာအရှင်မြတ်နှစ်ပါးကို ပင့်လျှောက်ခြင်း၊ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ခြင်း၊ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထားမြတ်စွာဘုရားထံ ဂရုဓမ္မအမည်ရသော ငါးပါးသီလကို ခံယူဆောက်တည်ကြခြင်း၊ ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ စေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးစောကြိုင်က **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# ပြည်တွင်းက အာဏာကို ဖြတ်လမ်းနည်းနဲ့ လိုချင်တဲ့အဖွဲ့များက အလုံးစုံပျက်သုဉ်းရေးလုပ်နေ

**နိုင်ငံတော်က ဒီမိုကရေစီ ရှေ့ခရီးအတွက် အဆင်ပြေပြေ၊ ချောချောမွေ့မွေ့ သွားနိုင်အောင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက်ပေးနေချိန်၊ လူတန်းစားအလွှာ အသီးသီးက ကိုယ်စားလှယ်ကြီးများက ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာဖို့ လိုအပ်တဲ့အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်လို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေကို လုပ်နေချိန်မှာ ပြည်တွင်းကအာဏာကို ဖြတ်လမ်းနည်းနဲ့လိုချင်တဲ့ အဖွဲ့များက အကြမ်းဖက်လမ်းစဉ်၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး လမ်းစဉ်တွေနဲ့ အဖျက်လုပ်ရပ်တွေကို လုပ်နေကြတယ်။ ကျွန်တော်တို့ ဘယ်ဘက်ကရပ်မှာလဲ။ ဘယ်သူ့ကိုထောက်ခံလို့ ဘယ်သူ့ကိုဆန့်ကျင်ကြမှာလဲ။ အဖြေကတော့ ရှင်းနေပါပြီ။**

ကျော်မင်းလူ (ရွှေပြည်သာ) ၏ "ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့် အမှားများ (၂)" (ဆောင်းပါး) စာမျက်နှာ – ၈၊၉၊၁၀


**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၇-၉-၂၀၀၇
(ကြာသပတေးနေ့)

# သစ်တောသစ်ပင် ချစ်ခင်မြတ်နိုး ဒေသအလိုက် နှစ်စဉ်တိုးချဲ့စိုက်ပျိုး

ကမ္ဘာတစ်ဝန်း၌ လေထုကြီး ပူနွေးလာမှုနှင့်အတူ သစ်တောများပြုန်းတီးမှု၊ သဲကန္တာရ ဖြစ်ပေါ်လာမှုများ ကြုံတွေ့နေကြရသည်။ ယခုအခါ နိုင်ငံအများအပြားက ကမ္ဘာကြီးပူနွေးလာမှုကို တားဆီးနိုင်ရေးအတွက် သစ်တော သစ်ပင်များကို တိုးချဲ့စိုက်ပျိုးပြီး သဘာဝပတ်ဝန်းကျင် ကောင်းမွန်စေရန် ထိန်းသိမ်းထူထောင်နေကြပြီဖြစ်သည်။

သစ်ပင်များသည် အမြစ်မှ စုပ်ယူရရှိသောရေကို အရွက်များမှ ပင်ရည်ပြန်ခြင်းနည်းဖြင့် လေထုထဲသို့ ရေခိုးရေငွေ့များ ထုတ်ပေးလေ့ရှိသည်။ ပတ်ဝန်းကျင် အပူချိန်များလာလေ အပင်များမှ ရေငွေ့ပြန်နှုန်းပိုများလာလေဖြစ်ရာ သစ်ပင် သစ်တောထူထပ်ရာ ပတ်ဝန်းကျင်သည် အပူအအေးမျှတသော ရာသီဥတုကို ဖြစ်ပေါ်စေပေသည်။

မြန်မာနိုင်ငံတွင် သစ်တော၊ ရေ မြေ တွင်းထွက်သဘာဝ သယံဇာတ အရင်းအမြစ်များကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်နေသည်။ သစ်တောရေးရာဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်း၍ သစ်တောများ၊ သဘာဝနယ်မြေများ၊ သဘာဝစိုက်ခင်းများကို ထူထောင်လျက်ရှိသည်။

အပူပိုင်းဒေသ ၁၃ ခရိုင်တွင် ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ သစ်တောများရှင်သန်ဖြစ်ထွန်းနေပြီဖြစ်သည်။ ယခုအခါ ကျေးရွာများအလိုက် ဒေသခံပြည်သူများက အစုအဖွဲ့ပိုင်စိုက်ခင်း၊ ကျေးလက်ဒေသသုံး ထင်းစိုက်ခင်း၊ ပုဂ္ဂလိကကျွန်းစိုက်ခင်းများကို တိုးချဲ့ထူထောင်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သဘာဝအလျောက် ကျွန်းသစ်ပေါက်ရောက်သော နိုင်ငံဖြစ်သည်။ ကျွန်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းသော ဧရိယာပမာဏလည်း များပြားသည်။ ထို့အပြင် ကျွန်းသစ်အပါအဝင် သစ်တောသစ်ပင်များသည် နိုင်ငံ့စီးပွားအတွက် အားထားရသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အကျိုးပြုလျက်ရှိသည်။

မြန်မာတို့သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် အစဉ်အလာများရှိပြီး သစ်တောသစ်ပင်များကို ချစ်ခင်မြတ်နိုးကြသူများဖြစ်ရာ သစ်ပင်သစ်တော စိုက်ခင်းများကို ဒေသအလိုက် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးကြခြင်းဖြင့် နိုင်ငံတစ်ဝန်း ရာသီဥတု ညီညွတ်မျှတပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် သာယာလှပနေမည် ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၈)ရပ်ကွက် ဂန္ဓမာလမ်းနေ ဦးထိုက်သူ (C.E)-ဒေါ်မေသက်ထွန်း မိသားစုကိုယ်စား ဖခင်ဦးမင်းသော်-မိခင်ဒေါ်ခင်ခင်နှင့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် (၇)လမ်းနေ ဦးသိန်းထွန်း-ဒေါ်မြမြသန်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဩဝါဒစရိယဆရာတော် ဦးလက္ခဏရှေ့မှောက်၌ တာဝန်ခံ (သဒ္ဓမ္မဇောတိကဓဇ) သီဟသုဓမ္မမဏိဇောတဓရ ရွှေမြင်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဧရာဝတီတိုင်း (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၆

**ဧရာဝတီတိုင်း (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များနှင့် ဇနီးများ၊ တိုင်း/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ခရိုင်ဥက္ကဋ္ဌများနှင့် ဇနီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပညာရှင်အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ခရိုင်များမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို စတင်ပြီး ဆုပေးပွဲကိုပြုလုပ်ရာ တာဝန်ရှိသူများက ပြိုင်ပွဲအလိုက် ဆုများပေးအပ်ပြီး ဆုရရှိသူများ၏ ပြန်လည်တီးမှုတ်သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့က (မ)အကပြိုင်ပွဲ အခြေခံပညာ(၅-၁၀) ပထမဆုရ မအူပင်ခရိုင်မှ မခက်ပိုပိုနိုင်နှင့် ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ အခြေခံပညာ(၁၅-၂၀) ပထမဆုရပုသိမ်ခရိုင်မှ မနီလာသိန်းနှင့် ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ ဝါသနာရှင်အဆင့်(၂) ပထမဆုရ မြောင်းမြခရိုင်မှ ဒေါ်ခိုင်ဇာအိနှင့် ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ ဝါသနာရှင်အဆင့်(၂) ရုပ်သေးအကပြိုင်ပွဲတွင် ဒုတိယဆုရ ဟင်္သာတခရိုင်မှ ဒေါ်စုစုလှိုင်အားလည်းကောင်း ဆုများပေးအပ်သည်။

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဒိုင်အဖွဲ့ဝင် ကိုယ်စားလှယ်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာကိုလည်းကောင်း၊ ဂုဏ်ပြုဆုရ ဟင်္သာတ၊ မြောင်းမြနှင့် မအူပင်ခရိုင်အသင်းတို့အား ဂုဏ်ပြုဆုများကို လည်းကောင်း၊ အခြေခံပညာအဆင့်တွင် ရွှေ(၁၄)၊ ငွေ(၃)ဖြင့် တံခွန်စိုက်ဖလားရရှိသည့် ဖျာပုံခရိုင်အားလည်းကောင်း၊ ဝါသနာရှင် အဆင့်(၂) တွင် ရွှေ(၅)၊ ငွေ(၃)ဖြင့် တံခွန်စိုက်ဖလား ရရှိသည့် ဖျာပုံခရိုင် အသင်းအားလည်းကောင်း၊ ဝါသနာရှင် အဆင့်(၁)တွင် ရွှေ(၉)၊ငွေ(၄)၊ ကြေး(၂) ဖြင့် တံခွန်စိုက်ဖလားရရှိသည့် ပုသိမ်ခရိုင်အသင်း အားလည်းကောင်း တံခွန်စိုက်ဖလားများ ပေးအပ်ကာ ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဧရာဝတီတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဩဂုတ် ၂၅ ရက်မှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ ခရိုင် ငါးခရိုင်မှ ပြိုင်ပွဲဝင် ၃၂၁ ဦးတို့ ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)




ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် ဧရာဝတီတိုင်း (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မိုးမခလမ်းနေ စာရေးဆရာ တက္ကသိုလ်စိန်တင်၏ မွေးနေ့အထိမ်းအမှတ် တက္ကသိုလ် စိန်တင်-ဒေါ်တင်စိန် (စိမ့်ပညာရေး) တို့က သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)




# ရန်ကုန်-မန္တလေး ဒွေးလမ်း ရထားလမ်း၏ ကျန်အစိတ်အပိုင်းဖြစ်သော နေပြည်တော် ပျဉ်းမနား-မြို့ဟောင်း ရထားလမ်းပိုင်းစီမံကိန်း မကြာမီပြီးစီးမည်

နေပြည်တော် စက်တင်ဘာ ၂၆

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၂၀ ရက် နံနက်ပိုင်းတွင် RBE အထူးအမြန်ရထားဖြင့် နေပြည်တော်ဘူတာမှ နေပြည်တော် ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘူတာအဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုနှင့် ရထားစီးခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပျော်ဘွယ်ဘူတာနှင့် ရှမ်းရွာဘူတာကြား မိုင်တိုင် (၂၈၈/၁၀-၁၁)ရှိ နေပြည်တော် ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၊ ကျောက်ညှိစက်(ED/PBRM-01)ဖြင့် ကျောက်ညှိလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သာစည်ဘူတာသို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် နေပြည်တော် ပျဉ်းမနား-မြို့ဟောင်း ဒွေးလမ်းရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း ဒါရိုက်တာများအား ဒုတိယဝန်ကြီးက စီမံကိန်းကို သတ်မှတ်ချိန်အတွင်းအမြန်ပြီးစီးရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီးလုပ်ငန်းလို အပ်ချက်များ ဖြည့်ဆည်းပေးသည်။ နေပြည်တော် ပျဉ်းမနား - မြို့ဟောင်း ဒွေးလမ်း ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းသည် ရထားလမ်းမိုင် ၁၅၇ ဒသမ ၇၅ မိုင်ရှည်လျားပြီး တံတားကြီး၊ ငယ် ပေါင်း၄၈၉ စင်း ပါဝင်ဖွဲ့စည်းထားသည့်စီမံကိန်းကြီးတစ်ခုဖြစ်သည်။ ယနေ့အထိ ရထားလမ်းမိုင် ၉၇ ဒသမ ၇၅ မိုင် အချောသပ်ပြီးစီး၍ ကျန်မိုင်၆၀မှာ သံလမ်းအကြမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီး အချောသပ်လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်သည်။ တံတား ၄၈၉ စင်းအနက် ၄၈၈ စင်း ဆောင်ရွက်ပြီးစီး၍ ကျန်တံတားတစ်စင်းဖြစ်သည့် ပန်းလောင်တံတားမှာ ဆောင်ရွက်ဆဲဖြစ်ပြီး ယခုလကုန်တွင် ပြီးစီးမည်ဟု သိရှိရသည်။ ရန်ကုန်-မန္တလေး ခရီးသွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့တွင် တစ်ဖက်တစ်လမ်းမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြန်မာ့မီးရထားအတွက်အရေးပါသည့် ရန်ကုန်-မန္တလေး ဒွေးလမ်းရထားလမ်း၏ ကျန်အစိတ်အပိုင်းဖြစ်သော နေပြည်တော် ပျဉ်းမနား-မြို့ဟောင်းရထားလမ်းပိုင်းဖောက်လုပ်ရေးစီမံကိန်းကြီးသည်မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

* **ရှေ့ဖုံးမှ**

မင်္ဂလာထောမနာ စကားပြောကြားခြင်း၊ ဂုရုဓမ္မ ဓာတ်တော်အမွှန်း၊ ဂုရုဓမ္မဓာတ်ပါဠိတော်နှင့် မဟာဓမ္မပါလ ဓာတ်တော်ပါဠိတော်တို့ကို စုပေါင်းရွတ်ဖတ်ပူဇော်ကြခြင်း၊ ငါးပါးသီလကိုယ်ချင်းစာတရားကဗျာကို စုပေါင်းရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာပို့ အမျှပေးဝေ၍ နတ်ပြဟ္မာများကို ပြန်ပို့ခြင်း၊ ဆုတောင်း ပတ္ထနာ မေတ္တာပို့ ကဗျာများကို ရွတ်ဆိုဆုတောင်းကြ၍ ဓမ္မပူဇာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

**ရန်ကုန်  စက်တင်ဘာ  ၂၆**

"ကြေးပိဋကတ်တော်"အဘိဓမ္မာပိဋကဝင်- "ယမကပါဠိတော် (ပထမအုပ်)" အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ တာမွေမြို့နယ်၊ ဗညားဒလလမ်းနေ ဦးအောင်ကျော်-ဒေါ်သင်းသင်းအေး၊ သားမောင်ကောင်းထက်၊ ပုသိမ်မြို့နယ် လက်ပန်အုပ်စု၊ ထိန်တန်းကျေးရွာနေ မိဘ(ဦးစံမြင့်)-ဒေါ်စိန်မြိုင်၊ သား ကိုမြင့်စိုး၊ သမီးမမေ သန္တာထွန်း၊ ကိုသိန်းဝင်းထွဋ်-မမြင့်ကြည်၊ သမီး မဝင့်ဟန်နီထွဋ်၊ ကိုအောင်ကျော်စိုး-မနွဲ့ရီဝင်း၊ ကွင်းပေါက်ကြီးကျေးရွာနေ ကိုတင်သိန်း-မနွဲ့နွဲ့ရီ၊ သမီးမအေး သန္တာဝင်း၊ မမြတ်စုမွေး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ဖျာပုံရပ်ကွက် သာသနရက္ခိတကျောင်းတိုက်မှ ဦးဝရဓဇ၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးစံတင်-ဒေါ်ယဉ်မေ၊ ဗိုလ်တထောင်မြို့နယ်နေ ဦးမောင်ဝင်း-ဒေါ်သန်းခင်အား ရည်စူး၍ သား ဦးမောင်မောင်ကြီးနှင့် သမီး ဒေါ်ချိုချိုဝင်း၊ ဒေါ်ခင်ထွေးမာ၊ ကမာရွတ်မြို့နယ်နေ ကိုဖိုးချို-မပပ၊ သား မောင်ကောင်းထက်အောင်၊ ကြည့်မြင်တိုင်မြို့နယ်မှ ဦးတင်စိုး-ဒေါ်အေးအေးမြတ်၊ ဦးသိန်းထွန်း-ဒေါ်တင်တင်မြင့်၊ မန္တလေးမြို့ ဈေးချိုတော်မှ ဦးလှဖေ-ဒေါ်အမာ၊ အလုံမြို့နယ်နေ ဦးအောင်ငွေ-ဒေါ်ကျင်ရွှေ၊ သမီးဒေါ်မြမြသိန်း၊ ကြည့်မြင်တိုင်မြို့နယ်မှ ဦးကျော်ထွန်း-ဒေါ်မြင့်မြင့်ဦး၊ ဦးသန်းစိုး၊ ဦးမြမောင်-ဒေါ်လှအေး၊ ဦးအေးဝင်း- ဒေါ်အုံးသွင်၊ ကိုရဲမြင့်-မသီတာ၊ ဦးကျော်ဝင်း-ဒေါ်ချို၊ ဦးအုံးဆင့်၊ ဦးမရမ်းသီး၊ ရွှေစင်ကဖီး မိသားစု ဦးဝင်းတင်-ဒေါ်ပု၊ ဦးကြည်ဝင်း-ဒေါ်အေးမြင့်တို့မှ ကြေးပြားတစ်ချပ်စီ စုစုပေါင်း ကြေးပြား ၂၄ချပ်၊ အလှူငွေကျပ် ၄၈၀၀၀၀ အသီးသီးလာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅နှင့် ၀၉-၅၁-၉၅၂၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (က-ပ)

# မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၄) ထုတ်ဝေဖြန့်ချိ

**ရန်ကုန်  စက်တင်ဘာ  ၂၆**

မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၂၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါမဂ္ဂဇင်းတွင် မင်းယုဝေ၊ သိပ္ပံစိုးမြင့်နိုင်၊ ကို(တက္ကသိုလ်)၊ ကေတုနီလာ၊ ခြိမ့်နိုင်၊ မြေလတ်မောင်မြင့်သူ၊ ပုဂံမွေးကြည်၊ အောင်ရန်နိုင် (ဘီအက်စ်စီ)၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ နှင်းသစ္စာကျော်တို့၏ ကဗျာများ၊ စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်လှကြွယ်၊ တက္ကသိုလ်သခ်၊ မြင့်သိန်း(ရန်ကုန်တက္ကသိုလ်)၊ မောင်ကွန်ပျူတာ၊ ဝင်းနွယ်(သစ်တော)၊ ဝင်းနိုင်ထွန်း၊ ဖိုးထွေး(စိုက်ပျိုးရေး)၊ မောင်လှမွေး၊ ပြည့်စုံ(သွေးသောက်)၊ သက်သက်သင်း(ပညာရေး)၊ ညွှန့်ဟံ (ကြူတော)၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ဆင်ဖြူကျွန်းမြင့် သိန်းတို့၏ သုတဆောင်းပါးများ၊ လေးဝတီကျော်တို့၏ ဘာသာပြန်ဆောင်းပါးများ၊ မောင်ပညာကျော်နှင့် ကြည်လင်း(ဆေး)တို့၏ ကျန်းမာရေးဆောင်းပါးကဏ္ဍ၊ စန်းနီလာဝင်း၊ နန္ဒာမိုးကြယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ အောင်စိုး(တိ/ကုဆရာဝန်) အမျိုးသားစာပေဆုရ၊ မောင်အေးကို(ယမုံနာ)၊ ခင်မောင်အေး (မန္တလေး)၊ ရွှေရည်စိုး၊ မောင်မြင့်မား(ဘိုကလေး)၊ ကိုကိုလတ်(ဆည်မြောင်း)၊ ဇေယျမြေ မောင်ယဉ်မွေး၊ စောလှနွယ်(မကွေး)၊ ခင်သစ္စာကျော်(မဟာဝိဇ္ဇာ)၊ စိုးသီဟ(ရေတာရှည်)၊ ကျိုက်လတ်မိုးမြင့်၊ မြမြလှိုင်တို့၏ ရသဝတ္ထုတိုများ၊ မောင်စိန်တင်၏ဂန္ထဝင်စာပေကဏ္ဍ၊ ဗိုလ်လောင်း လွင်ဘိုဘိုအောင် (တပ်မတော်ဆေးတက္ကသိုလ်)၏ ဝတ္ထုရှည်ကဏ္ဍ၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင်မြ (B.A.B.L)တို့၏ အင်္ဂလိပ်ဆောင်းပါးကဏ္ဍ၊ တင်အောင်နီ၊ ရွှေမင်းသား၊ သစ်ထွဏ်း၊ ငွေကြည်၊ မြေဇာ၊ မောင်မောင်ညွှက်တို့၏ ကာတွန်းကဏ္ဍများနှင့် ဟာသကဏ္ဍများ စုံလင်စွာဖော်ပြပါရှိသည်။ စာမူများပေးပို့လိုပါက စာတည်းမှူးချုပ် မြန်မာ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ် (၄၅၅/၄၅၇) တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

# (၁၉)ကြိမ်မြောက် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန်  စက်တင်ဘာ  ၂၆**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပမည့် (၁၉)ကြိမ်မြောက် မသန်စွမ်းသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ရက် နံနက် ၆နာရီတွင် တပ်မတော် ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းများ၊ ဝန်ကြီးဌာနများမှ မသန်စွမ်းဂေါက်သီးအားကစား သမားများသည် ဦးသိန်းဆွေမြင့် ဖုန်း-၅၄၂၉၄၁၊ ဦးစိန်ဝှက် ဖုန်း-၅၃၅၁၆၇၊ တပ်မတော်ဂေါက်ကွင်း ဖုန်း-၆၃၅၄၄၉ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၀၇ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရသူများကြေညာ

**ရန်ကုန်  စက်တင်ဘာ  ၂၆**

၂၀၀၇ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဆောင်းပါးပြိုင်ပွဲကို **"နည်းပညာတိုးတက်မှုနှင့်ဆရာ့တာဝန်"**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆု ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမြင့်၊ ဒုတိယဆု မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်လှယဉ်မြင့်နှင့် တတိယဆု ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်အေးမြတ်စန္ဒာထွန်းတို့က ရရှိကြသည်။

**အလယ်တန်းအဆင့်**

အခြေခံပညာအလယ်တန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆု မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်း ကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မေလှိုင်ဦး၊ ဒုတိယဆု ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်တင်တင်ဝင်းနှင့် တတိယဆု မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နန်းတင်ရီ (တက္ကသိုလ်နန်းဖြူဖြူထွန်း)တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆု ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်သန်း(တူးမာ-ပညာရေး)၊ ဒုတိယဆု ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်ခင်အိအိခိုင်နှင့် တတိယဆု နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်သီတာတို့က ရရှိကြသည်။

**အဆင့်မြင့်ပညာအဆင့်**

အဆင့်မြင့်ပညာအဆင့် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲ၌ ပထမဆု တပ်မတော်ဆေးတက္ကသိုလ် အဏုဇီဝဗေဒဌာနမှ ကထိက (ဒုတိယဗိုလ်မှူးကြီး) ဒေါ်ကေသီဘုန်းနိုင်၊ ဒုတိယဆု ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကထိက ဒေါက်တာသန်းဝင်းနှင့် တတိယဆု ပုသိမ်တက္ကသိုလ်မြန်မာစာဌာနမှ ကထိက ဒေါက်တာနွယ်နွယ်စိုးတို့က ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **"အမှောင်ခွင်း၍ အလင်းဆောင်သူ"**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်တိုင်းခရမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်ကျောင်းမှ သတ္တမတန်းကျောင်းသူ မခိုင်သဥ္ဇာနွယ်၊ ဒုတိယဆု ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားအခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မချောမြမြနှင့် တတိယဆု မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မထူးနန္ဒာလွင်တို့က ရရှိကြသည်။







**အခြေခံပညာအထက်တန်းအဆင့်**

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို **"အမှောင်ခွင်း၍ အလင်းဆောင်သူ"** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မဒေဝီသက်ထား၊ ဒုတိယဆု ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မသန့်ရည်လွင်နှင့် တတိယဆု ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်း ကျောင်းသူ မစောပြည့်ပြည့်နှင်းတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို **"ဆရာ့အရည်အသွေး မြှင့်တင်ပေး"** ခေါင်းစဉ်ဖြင့်ယှဉ်ပြိုင်ခဲ့ရာ ပထမဆု တောင်ငူပညာရေးကောလိပ်မှ ဒုတိယနှစ်(ဝိဇ္ဇာ)သင်တန်းသူ မသင်းသင်းအောင်၊ ဒုတိယဆု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဒုတိယနှစ် ဘီအီးဒီသင်တန်းသူ မနန်းမြတ်မွန်ဦးနှင့် တတိယဆု ဘားအံပညာရေးကောလိပ်မှ ဒုတိယနှစ်(ဝိဇ္ဇာ) သင်တန်းသူ မတင်အေးညိုကလည်းကောင်း ရရှိကြသည်။

**အခြေခံပညာအလယ်တန်းအဆင့်**

အခြေခံပညာအလယ်တန်းအဆင့် ကဗျာပြိုင်ပွဲကို **"ဆရာ့ကျေးဇူးမြင်းမိုရ်ဦး"**ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ သတ္တမတန်းကျောင်းသူ မဖြိုးသီတာအောင်ကြည်၊ ဒုတိယဆု တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဖြိုးပြည့်လင်းနှင့် တတိယဆု ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ သတ္တမတန်းကျောင်းသား မောင်ဟိန်းမင်းအောင်တို့က ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် ကဗျာပြိုင်ပွဲကို **"ဆရာ့ကျေးဇူးမြင်းမိုရ်ဦး"** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ကချင်ပြည်နယ် ဗန်းမော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမြမြဝင်း၊ ဒုတိယဆု ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မဆုဇင်ဇင်စိုးနှင့် တတိယဆု မကွေးတိုင်း ရေနံချောင်းမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းမှ နဝမတန်းကျောင်းသူ မမျိုးမို့မို့ဦးတို့က ရရှိကြသည်။

ပညာရေးတက္ကသိုလ်၊ ကောလိပ်အဆင့် ကဗျာပြိုင်ပွဲကို **"အတတ်လည်းသင် ပဲ့ပြင်ဆုံးမ"** ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ စတုတ္ထနှစ် ဘီအီးဒီသင်တန်းသား မောင်ဆလိုင်းဝိုင်းထန်း၊ ဒုတိယဆု မကွေးပညာရေးကောလိပ်မှ ဒုတိယနှစ် (၁၀/၀၅) သင်တန်းသား မောင်အံ့ကျော်မြင့်နှင့် တတိယဆု ပုသိမ်ပညာရေးကောလိပ်မှ ဒုတိယနှစ်သင်တန်းသား မောင်ဆန်းပြည့်လွင်တို့က ရရှိကြသည်။

ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် အောက်တိုဘာ ၂ ရက်(အင်္ဂါနေ့) ညနေနောက်ဆုံးထား၍ နေပြည်တော် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာကျော်ဝင်းစိုး ဖုန်း-၀၆၇-၄၂၀၁၃၈ ထံ လူကိုယ်တိုင်မပျက်မကွက် သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ဂရင်းလန်နိုင်ငံ အာမာစလစ်ကျွန်းတွင် ကမ္ဘာကြီးပူနွေးမှုကြောင့် အရည်ပျော်လာသော ရေခဲတောင်ကြီးများကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ဘိုးရင်းလေယာဉ်ဈေးကွက် တရုတ်နိုင်ငံဖြစ်လာ

**ပေကျင်း စက်တင်ဘာ ၂၅**

အမေရိကန် ဘိုးရင်းလေယာဉ် ထုတ်လုပ်ရေးကုမ္ပဏီ၏ ပြည်ပဈေးကွက်တွင် တရုတ်နိုင်ငံသည် အကြီးဆုံးဖောက်သည်နိုင်ငံ ဖြစ်လာကြောင်း၊ ဘိုးအင်းကုမ္ပဏီက စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် လာမည့်နှစ် ၂၀ ကာလအတွင်း လေယာဉ် အစင်းပေါင်း ၃၄၀၀ လိုအပ်မည် ဖြစ်ကြောင်း ဘိုင်းရင်းကုမ္ပဏီက ပြောကြားသည်။ ၂၀၂၆ ခုနှစ် နှစ်ကုန်ထက် နောက်မကျဘဲ တရုတ်လေကြောင်းဌာနများတွင် လေယာဉ်အစင်းပေါင်း ၄၄၆၀ အထိ ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ကုမ္ပဏီ၏ အကြီးဆုံးသော ဖောက်သည်နိုင်ငံအဖြစ် တရုတ်နိုင်ငံ ရပ်တည်လာမည်ဖြစ်ကြောင်း ကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် လာမည့်နှစ် ၂၀ ကာလတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၄၀ ခန့်အထိ သုံးစွဲကာ လေယာဉ်များ ဝယ်ယူသွားမည်ဖြစ်သည်။ တရုတ်လေကြောင်းဌာနများသည် ခရီးသည်နှင့်ကုန်စည် ပိုမိုတင်ပို့ပေးနိုင်ရန် လေယာဉ်များ ပိုမိုလိုအပ်လာမည်ဖြစ်သည်။ တရုတ်နှင့် မြောက်အမေရိက၊ တရုတ်နှင့်ဥရောပနိုင်ငံများအကြား လေကြောင်းသွားလာမှု သိသိသာသာ တိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

# ဂရိတွင် မြေငလျင်လှုပ် ထိခိုက်ဒဏ်ရာရသူ မရှိ

**အေသင် စက်တင်ဘာ ၂၅**

ဂရိနိုင်ငံအရှေ့တောင်ပိုင်း ကာပါသို့စ်ကျွန်းတွင် ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိငလျင် တနင်္လွေနေ့ နံနက်စောစောပိုင်းက လှုပ်သွားခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ငလျင်ဗဟိုချက်သည် အဆိုပါကျွန်း၏ အနောက်တောင်ဘက် ပင်လယ်ရေအောက်တွင်ဖြစ်ကြောင်း၊ ယင်းဒေသတွင် ငလျင်များပုံမှန်လှုပ်လေ့ရှိကြောင်း အေသင်မြို့ရှိ မြေငလျင်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ကာပါသို့စ်ကျွန်းတွင် မြေငလျင်လှုပ်သော်လည်း ဒဏ်ရာရသူများမရှိကြောင်း မီးသတ်ဌာနက ပြောကြားသည်။ ဂရိနိုင်ငံအနောက်ပိုင်းဒေသ ဇာကင်သို့စ်ကျွန်း အပါအဝင် နာမည်ကျော် အပန်းဖြေကျွန်းများတွင် လွန်ခဲ့သည့်လများအတွင်း ငလျင်အဆက်မပြတ်လှုပ်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

**ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တွင် ဖျော်ဖြေနေကြသော သက်ကြီး အနုပညာရှင်အဖွဲ့ကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# အာဖဂန်နစ္စတန်တွင် စပိန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံး

**မဒရစ် စက်တင်ဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံတွင် စက်တင်ဘာ ၂၄ ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် စပိန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဖာရာမြို့ အနောက်မြောက်ဘက် ရှိဝန်ဒေသအနီး ဂရင်းနစ်စံတော်ချိန် နံနက် ၇ နာရီခန့်တွင် စပိန်တပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် တိုက်ခိုက်ခံရကြောင်းကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် စပိန်တပ်ဖွဲ့ဝင် ၇၀၀ ခန့်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

# ပါလက်စတိုင်းအကျဉ်းသားများကို အစ္စရေး လွှတ်ပေးမည်

**ဂျေရုဆလင် စက်တင်ဘာ ၂၅**

အစ္စရေးနိုင်ငံသည် ပါလက်စတိုင်းအကျဉ်းသား ၉၀ ကို လွှတ်ပေးရန် တနင်္လွေနေ့တွင် သဘောတူညီလိုက်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ရေးဆိုင်ရာညီလာခံတစ်ရပ် မကျင်းပမီ ပါလက်စတိုင်း အကျဉ်းသားများကို ပြန်လည်လွှတ်ပေးရန် အစ္စရေးက သဘောတူညီခြင်းဖြစ်သည်။ အစ္စရေးဝန်ကြီးချုပ် အီးဟွတ်အိုးလ်မတ်၏ အစိုးရအဖွဲ့က ပါလက်စတိုင်းအကျဉ်းသားများကို ပြန်လွှတ်ပေးရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း၊ ဝန်ကြီးအဖွဲ့ ကော်မတီတစ်ရပ်က အတည်ပြုပေးရန် လိုအပ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသဘက်မှ အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းကြောင့် အကျဉ်းသားများ ပြန်လည်လွှတ်ပေးရန်ကိစ္စမှာ ကြန့်ကြာခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ။***



**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ ပြပွဲတစ်ခု၌ ပြသထားသော လပေါ်သို့ ဆင်းသည့် ယာဉ်တစ်စင်းကို စက်တင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)




# ဆိုးလ်မြို့တွင် မြေအောက်ရထားများ လုံခြုံရေးအတွက်တပ်လှန့်

**ဆိုးလ် စက်တင်ဘာ ၂၅**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ မြေအောက်ရထားများတွင် ဗုံးဖောက်ခွဲမှုဖြစ်ပွားနိုင်သည်ဟု ပြည်ပထောက်လှမ်းရေးသတင်းများ ရရှိပြီးသည့်နောက် ရဲတပ်ဖွဲ့ဝင်များကို တနင်္လာနေ့တွင် တပ်လှန့်ထားခဲ့ကြောင်း ဆိုးလ်ရဲဌာန(အက်စ်အမ်ပီအေ)က တနင်္လာနေ့တွင် ပြောကြားသည်။

**ပြောကြား**

တောင်ကိုရီးယားနိုင်ငံ ယိုယူဒိုခရိုင်ရှိ မြေအောက် ဘူတာရုံများကို ဗုံးဖောက်ခွဲနိုင်သည်ဟု တောင်ကိုရီးယားရှိ မက္ကဆီကိုသံရုံးမှ တနင်္ဂနွေနေ့ ည ၉ နာရီ မိနစ် ၄၀ တွင် သတင်းရရှိခဲ့သည်ဟု အက်စ်အမ်ပီအေက ပြောကြားသည်။

အက်စ်အမ်ပီအေက ယိုယူဒိုဒေသရှိ အထင်ကရ အစိုးရအဆောက်အအုံများနှင့် မြေအောက်ဘူတာရုံ လေးခုတွင် ဗုံးအနံ့ခံရှာဖွေသည့် ခွေးငါးကောင်အသုံးပြု၍ ရှာဖွေလျက်ရှိပြီး အထူးရဲတပ်ဖွဲ့ဝင်များကို တနင်္လာနေ့ မတိုင်မီအထိ ရာချီ၍ စုဆောင်းဖြန့်ကြက်ထားခဲ့ကြောင်း၊ သို့ရာတွင် ဗုံးတွေ့ရှိခြင်း မရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

# ဘင်္ဂလားဒေ့ရှ်တွင် ယာဉ်တိုက်မှုနှစ်ခုဖြစ်ပွား

**ဒါကာ စက်တင်ဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့ပိုင်း ကိုမီလာခရိုင်နှင့် မြောက်ပိုင်း ဂဘန်ဒါခရိုင်နှစ်ခုတွင် ယာဉ်မတော်တဆမှုနှစ်ခု စက်တင်ဘာ ၂၃ရက်က ဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး ၄၇ ဦး ဒဏ်ရာရရှိသွားကြောင်း ယူအေဘီသတင်းဌာနက ဖော်ပြသည်။

**တိုက်မိ**

ယာဉ်မတော်တဆမှုဖြစ်ပွားသော ကိုမီလာခရိုင်မှာ မြို့တော်ဒါကာ၏ အရှေ့တောင်ပိုင်း ကီလိုမီတာ ၉၀အကွာတွင်တည်ရှိသည်။ ဒါကာနှင့် အရှေ့တောင်ပိုင်းရှိ ဆိပ်ကမ်းမြို့ စစ်တကောင်းသို့သွားရာ အဝေးပြေးလမ်းမကြီးပေါ်တွင် ဘတ်စ်ကားနှစ်စီး တိုက်မိခြင်းဖြစ်သည်။ အခင်းဖြစ်ပွားမှုကြောင့် လေးဦးသေဆုံးပြီး ၃၅ ဦး ဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရသွားသူများအနက် ၁၀ ဦး၏ အခြေအနေမှာ ဆိုးရွားသဖြင့် ၎င်းတို့ကို ဆေးရုံတင်ထားရသည်။

**ဒဏ်ရာရရှိ**

ဒုတိယယာဉ်မတော်တဆမှုဖြစ်ပွားသော ဂဘန်ဒါခရိုင်မှာ ဒါကာမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၁၀ အကွာတွင် တည်ရှိသည်။ ဒါကာနှင့် ရန်ဂ်ပူရာမြို့သွား အဝေးပြေးလမ်းမကြီးပေါ်တွင် ဘတ်စ်ကားက လမ်းဘေးရှိ သစ်ပင်ကို ဝင်တိုက်မိသည့်အတွက် နှစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ဤမတော်တဆမှုတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ ပွဲချင်းပြီး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ထိုင်းတောင်ပိုင်းတွင် သုံးဦး ပစ်သတ်ခံရ

**ဗန်ကောက် စက်တင်ဘာ ၂၅**

ထိုင်းနိုင်ငံတောင်ပိုင်းဒေသရှိ ပတ္တနီပြည်နယ်တွင် တနင်္လွေညက အမျိုးသမီးကျောင်းဆရာမတစ်ဦးနှင့် စုံတွဲမောင်နှံတို့ကို ၎င်းတို့အိမ်တွင်းရှိနေစဉ် သတ်ဖြတ်ခံခဲ့ရကြောင်း တနင်္လာနေ့သတင်းများအရ သိရှိရသည်။

ပတ္တနီပြည်နယ် ဆာဘူရီခရိုင်ရှိ ဘန်ပူသွန်ကျောင်းမှ အသက် ၂၄ နှစ်ရှိ ကျောင်းဆရာမ ယာမိုင်ယာမာလီ၏အိမ်ကို သေနတ်သမားများက ပစ်သတ်ခဲ့သဖြင့် သေဆုံးခဲ့သည်ဟု နေရှင်းသတင်းစာက ရဲတပ်ဖွဲ့ကို ကိုးကားဖော်ပြသည်။

ဆာဘူရီဒေသတွင်လည်း အသက် ၃၉ နှစ်ရှိ ဆာဂါရီယာမာလေနှင့် ၎င်း၏ဇနီးဖြစ်သူ အသက် ၂၈ နှစ်ရှိ ဆာရီပါတို့ ဇနီး မောင်နှံနှစ်ဦးသည် ၎င်းတို့အိမ်တွင် ပစ်သတ်ခံခဲ့ရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အင်္ဂလန်တောင်ပိုင်း ကျွဲ၊ နွားမွေးမြူရေးခြံတွင် ခွာနာလျှာနာရောဂါဖြစ်ပွားကြောင်း အတည်ပြု

**လန်ဒန် စက်တင်ဘာ ၂၅**

အင်္ဂလန်နိုင်ငံတောင်ပိုင်းရှိ ကျွဲ၊ နွားမွေးမြူရေးခြံတစ်ခြံတွင် ခွာနာလျှာနာရောဂါဖြစ်ပွားမှု တွေ့ရှိရသည်ဟု ဗြိတိန်နိုင်ငံရှိ အာဏာပိုင်များက အတည်ပြုကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဆာရေးဒေသရှိ မွေးမြူရေး ခြံတစ်ခြံတွင် မကြာသေးမီက ခွာနာ လျှာနာရောဂါဖြစ်ပွားခဲ့ပြီးနောက် ယင်းရောဂါဖြစ်ပွားမှုကို ထပ်မံတွေ့ရှိရခြင်းဖြစ်ကြောင်း၊ ဆာရေးဒေသတွင် ခွာနာလျှာနာ ရောဂါဖြစ်ပွားမှုကြောင့် နှစ်မိုင်အကွာအဝေးရှိနယ်မြေကို ရောဂါတားဆီးကာကွယ်ရေးဇုန် အဖြစ်သတ်မှတ်ခဲ့ပြီး ယခုနောက်ဆုံး ခွာနာလျှာနာရောဂါဖြစ်ပွားသည့် မွေးမြူရေးခြံမှာ ယင်းဇုန်အတွင်း တည်ရှိကြောင်း လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနက ပြောကြားသည်။

**ထပ်မံတွေ့ရှိ**

ရောဂါတားဆီးကာကွယ်ရေး ဇုန်အတွင်း ကျွဲ၊ နွားများကို ရွှေ့ပြောင်းခြင်းနှင့် ရောင်းချခြင်းတို့ မပြုလုပ်ရန် ကန့်သတ်ပိတ်ပင်ထားချိန်တွင် ခွာနာလျှာနာရောဂါဖြစ်ပွားမှုကို ထပ်မံတွေ့ရှိရခြင်းဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



တရုတ်နိုင်ငံ ယန်စီမြစ်ပေါ်ရှိ မြစ်ကျဉ်းသုံးသွယ် ရေကာတာကို စက်တင်ဘာ ၂၆ ရက်က ဝေဟင်မှ တွေ့မြင်ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# ကျွဲ၊ နွားသားရေများတွင် အင်းဆက်ပိုးအရှင်များတွေ့ရှိ

**တာ့လျံ စက်တင်ဘာ ၂၅**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း မြို့တစ်မြို့၌ မြို့အဝင်အထွက် စစ်ဆေးရေးမှူးများသည် အမေရိကန်နိုင်ငံမှ တင်သွင်းခဲ့သည့် ကျွဲ၊ နွားသားရေများတွင် ရောဂါသယ်ဆောင်နိုင်သည့် အင်းဆက်ပိုးအရှင်များကို ရှာဖွေ တွေ့ရှိခဲ့ကြောင်း တနင်္ဂနွေနေ့တွင် ပြောကြားသည်။

**တွေ့ရှိ**

ယခုနှစ် ဇူလိုင် ၃၀ ရက်မှ စက်တင်ဘာ ၆ ရက်အထိ ကာလအတွင်း အမေရိကန်နိုင်ငံမှ တင်သွင်းခဲ့သည့် ကျွဲ၊ နွားသားရေတန် ၂၆၀ သယ်ဆောင်လာသော ကုန်သေတ္တာများတွင် အင်းဆက်ပိုးအရှင်များကို စစ်ဆေးရေးမှူးများက တွေ့ရှိခဲ့ကြောင်း၊ ယင်းကျွဲ၊ နွားသားရေများကို သားရေရှူးဖိနပ်များ ပြုလုပ်ရာတွင် အသုံးပြုကြောင်း လျောင်နင်းပြည်နယ် တာ့လျံမြို့ တာ့ယော်ဝမ် အဝင်အထွက် စစ်ဆေးရေးဗျူရိုက ပြောကြားသည်။ အဆိုပါ အင်းဆက်ပိုးသည် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ လေထိုး လေအောင့်ရောဂါနှင့် အော့အန်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၂၅ ရက်နေ့က တွေ့မြင်ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## နိုင်ငံတကာ သတင်းများ

# ဥက္ကာခဲ ကြွေကျဖွယ်ရှိသည့် နေရာ၌ ဒေသခံများ နာမကျန်းမှု ဖြစ်ပွား

**လီမာ စက်တင်ဘာ ၂၅**

ပီရူးနိုင်ငံတွင် ဥက္ကာခဲတစ်ခဲ ကြွေကျခဲ့ဖွယ်ရှိသည့် နေရာအနီးတစ်ဝိုက်တွင် နေထိုင်သော ဒေသခံများသည် အော့အန်ခြင်းနှင့် ခေါင်းကိုက်ခြင်းဝေဒနာတို့ကို ခံစားခဲ့ကြရကြောင်း ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

ပီရူးနိုင်ငံ ဖူနိုဒေသ ကာရန်ကပ်စ်မြို့အနီး လူသူနေထိုင်ခြင်းမရှိသည့် ကုန်းမြင့်ဒေသ နေရာတစ်နေရာတွင် ဥက္ကာခဲဟု ယူဆရသည့် အစိုင်အခဲတစ်ခု ကြွေကျမှုကြောင့် အကျယ် ၆၅ပေ၊ အနက် ၂၂ပေရှိ မြေတွင်းကြီးတစ်တွင်း ဖြစ်ပေါ်ခဲ့သည်။ ဒေသခံများသည် ထူးဆန်းသည့် ယင်းမြေတွင်းကြီးအနီးသို့ သွားရောက်ကြည့်ရှုခဲ့ကြပြီးနောက် မူးဝေအော့အန်ခြင်းနှင့် ခေါင်းကိုက်ခြင်း ဝေဒနာများကို ခံစားခဲ့ကြရသည်။

ယင်းနေရာတွင် အမှန်တကယ် ဥက္ကာခဲကြွေကျခဲ့ခြင်း ရှိ၊ မရှိ လေ့လာဖော်ထုတ်နိုင်ရန် ပီရူးဘူမိဗေဒဌာနမှ ကျွမ်းကျင်သူပညာရှင်များက သွားရောက်လေ့လာရန် စီစဉ်ထားသည်။

ဥက္ကာခဲကြွေကျခဲ့သည့်နေရာအဖြစ် ပြောဆိုနေသော မြေတွင်းအနီးသို့ သွားရောက်လေ့လာခဲ့သူ လူ ၁၀၀ခန့်ကို မိမိတို့ တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ ၎င်းတို့သည် အော့အန်ခြင်းနှင့် ခေါင်းကိုက်ခြင်းတို့ကို ခံစားကြရကြောင်း၊ မြေတွင်းမှ ပေါ်ထွက်နေသည့် ဓာတ်ငွေ့များကို ရှူရှိုက်မိခြင်းကြောင့် ဖြစ်နိုင်ကြောင်း ပူနိုမြို့ရှိ ကျန်းမာရေးညွှန်ကြားရေးမှူး လိုပက်ဇ်က သတင်းထောက်များအား ပြောကြားသည်။

ယင်းဖြစ်ရပ်ကြောင့် ဒေသခံပြည်သူများမှာ ထိတ်လန့်လျက်ရှိကြကြောင်း၊ ကနဦးတွင် လေယာဉ်တစ်စင်း ပျက်ကျခဲ့သည်ဟု ထင်မြင်ယူဆခဲ့ကြကြောင်း လိုပက်ဇ်က ပြောကြားသည်။

ဥက္ကာခဲကြွေကျသည့်နေရာမှာ ဘိုလီးဗီးယားနိုင်ငံ နယ်စပ်ဒေသအနီးတွင် တည်ရှိသည်။ ဘူမိဗေဒနှင့် သတ္တုဗေဒသိပ္ပံမှ ပညာရှင်များသည် ယင်းဖြစ်ရပ်ကို စူးစမ်းလေ့လာလျက်ရှိသည်။

***အင်တာနက်။***

# အင်္ဂလန်တွင် လေဆင်နှာမောင်းများတိုက်ခတ်

**လန်ဒန် စက်တင်ဘာ ၂၅**

အင်္ဂလန်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက လေဆင်နှာမောင်း တိုက်ခတ်မှုများ ဖြစ်ပွားခဲ့ရာ အဆောက်အအုံများနှင့် ပစ္စည်းဥစ္စာများ ဆုံးရှုံးရကြောင်း သတင်းဌာနများက ဖော်ပြသည်။

နော့သမ်တန်ဒေသတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူမပါသော ကျောင်းကားတစ်စီး မှောက်ခဲ့သည်။ ဘက်ဖို့ရှိုင်းယားပြည်နယ် လူတန်ဒေသတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ဥယျာဉ်များနှင့် အိမ်များပျက်စီးခဲ့ကြောင်း၊ ဒါဘီရှိုင်းယားပြည်နယ် ဘရာစတုန်ဒေသတွင်လည်း စက်ရုံအမိုးများ ပျက်စီးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ပြောကြားသည်။

**ရင်ဆိုင်**

ဟမ်ရှိုင်းယားပြည်နယ် ဖန့်ဘော်ရဒေသ၊ ဝါးဝစ်ရှိုင်းယားပြည်နယ် နူနီယာတန်ဒေသနှင့် နော့တင်မန်းရှိုင်းယားပြည်နယ် အော်လာတန်ဒေသတွင်လည်း လေဆင်နှာမောင်းတိုက်ခတ်မှုနှင့် တွေ့ကြုံခဲ့ရသည်။

**ပျက်စီး**

လေဆင်နှာမောင်း တိုက်ခတ်မှုများကြောင့် ထရပ်ဖို့ဒရစ်ဗီ၊ နူနီယာတန်ဒေသများတွင် အိမ်ခြေ ၂၀ ကျော် ပျက်စီးခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဂျာမနီနိုင်ငံ ဒူးစဘာတ်စ်မြို့ ငါးပြတိုက်တွင် မွေးမြူထားသည့် လင်းပိုင်သားအမိကို စက်တင်ဘာ ၂၅ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# မဲလ်ဘုန်းမြို့တွင် ဓာတ်ရထားနှစ်စင်းတိုက်မိ၊ လူ ၂၀ ဒဏ်ရာရ

**ကင်ဘာရာ စက်တင်ဘာ ၂၅**

ဩစတြေးလျနိုင်ငံ အရှေ့တောင်ပိုင်းဒေသရှိ မဲလ်ဘုန်းမြို့တွင် တနင်္လာနေ့ နံနက်ပိုင်းက ဓာတ်ရထားနှစ်စင်း တိုက်မိကြရာ လူ ၂၀ ခန့် ဒဏ်ရာရရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အဆိုပါဓာတ်ရထားနှစ်စင်းသည် မဲလ်ဘုန်းမြို့တောင်ပိုင်း ယာရာဒေသရှိ လမ်းဆုံနေရာတွင် တိုက်မိခဲ့ပြီးနောက် ဓာတ်ရထားတစ်စင်းမှာ လမ်းချော်ခဲ့ကြောင်း ဩစတြေးလျသတင်းဌာနက ဖော်ပြသည်။

အခင်းဖြစ်ပွားရာသို့ လူနာတင်ကားများရောက်ရှိလာပြီး မီးသတ်ဌာနမှ အရာရှိများ၊ ရဲတပ်ဖွဲ့နှင့် ယာရာဓာတ်ရထားဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလည်း ယင်းနေရာသို့ရောက်ရှိလာကြသည်။

ဒိုမင်လမ်းဆုံနှင့် စိန့်ကျန်းရှင်းဒေသတွင်းရှိ ဓာတ်ရထားလမ်းကြောင်း ပြောင်းထားသဖြင့် ယင်းမတော်တဆမှုဖြစ်ပွားပြီး ဓာတ်ရထားပို့ဆောင်ရေးခရီးစဉ် အဆက်ပြတ်တောက်ခဲ့ရသည်။ ဓာတ်ရထားအတွင်း ခရီးသည်များ ပိတ်မိခြင်းမရှိဟု သိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပုထိုးလုံးအစမ်းတွင်း အမှတ်(၁) စတင်တူးဖော် ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တွင်းတူးဖော်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ SINOPEC International Petroleum (Myanmar) Co., Ltd တို့က အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မကွေးတိုင်း ဂန့်ဂေါမြို့နယ်ရှိ ကုန်းတွင်းလုပ်ကွက် အမှတ်-D ရှိ ပုထိုးလုံးအစမ်းတွင်း အမှတ်(၁) စတင်တူးဖော်သည့်အခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Guan Mu, SINOPEC International Petroleum (Myanmar) Co., Ltd.မှ တာဝန်ရှိသူများနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးအား ပုထိုးလုံးအစမ်းတွင်း အမှတ်(၁) ရှင်းလင်းဆောင်၌ SINOPEC International Petroleum (Myanmar) Co., Ltd, Vice President, Mr. Lu Bacping နှင့် တာဝန်ရှိသူများက ကုန်းတွင်းလုပ်ကွက် အမှတ်-D အတွင်းရှိ ဘူမိအနေအထားများ၊ လက်ရှိတူးဖော်သွားမည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားပညာရှင်များနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီးသည် ပုထိုးလုံးအစမ်းတွင်း အမှတ်(၁)အား တူးဖော်မည့် တွင်းတူးစက် ZJ 70D တွင်းတူးစက်ပေါ်၌ တွင်းတူးမောင်းတံကိုနှိပ်၍ တွင်းစတင်တူးဖော်ပေးပြီး တွင်းတူးစက်နှင့် တွင်းတူးဖော်ရေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယခု စမ်းသပ်တူးဖော်မည့် ပုထိုးလုံးအစမ်းတွင်း အမှတ်(၁)သည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ကုန်းတွင်းလုပ်ကွက်အမှတ်-D အတွင်း တည်ရှိကာ အနက် ၁၅၇၄၉ ပေ တူးဖော်မည်ဖြစ်ပြီး အီအိုဆင်းသက်တမ်းရှိကာ ပုံတောင်၊ တပင်၊ ထီးလင်း၊ ကျောက်စဉ်စုများအတွင်းမှ သဲကြောများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မည့် အလားအလာများကို ရှာဖွေတူးဖော်စမ်းသပ်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






# မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

မန္တလေး စက်တင်ဘာ ၂၀

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၂၄ရက် ညနေ ၄နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန၏ လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် သမ္မတာကျေးရွာအုပ်စု ကွင်းအမှတ် (၅၁၀) ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနပိုင် လယ်မြေ ၁၂ ဒသမ ၅ ဧကတွင် မနော်ဟရီမိုးစပါး စိုက်ပျိုးပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးခင်မောင်ဆွေက မိုးစပါးဧက ၁၀၀ ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

## အထွက်ကောင်းစပါးမျိုးရွေးချယ်

မြို့တော်ဝန်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနပိုင် လယ်ဧက ၁၀၀ တွင် နွေစပါး၊ မိုးစပါး နှစ်သီးစား သီးထပ်စိုက်ပျိုးလျက်ရှိကြောင်း၊ နွေစပါးပြီးပါက မိုးစပါးအား သတ်မှတ်ရက်များအတွင်း စိုက်ပျိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးရာတွင် အထွက်ကောင်းသည့်စပါးမျိုးကိုသာ ရွေးချယ်၍ ပန်းတိုင်အထွက်နှုန်းရသည်အထိ စနစ်တကျ ကြိုးပမ်းအားထုတ် စိုက်ပျိုးလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ စနစ်တကျကျွေးပြီး ရေသွင်းရေထုတ်မှစ၍ ရာသီနှင့်အညီ ဆောင်ရွက်သွားဖို့လိုကြောင်း၊ မိုးစပါးအား သတ်မှတ်ရက်အတွင်း ထွန်တုံးပိတ် စိုက်ပျိုးနိုင်ရေးအတွက် ဌာနမှူး၊ ဌာနခွဲမှူးများနှင့် စိုက်ကွက်တာဝန်ခံများမှ ကြီးကြပ်ဆောင်ရွက်သွားကြဖို့လိုကြောင်း မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသ အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ သွားရောက်ပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူစိုက်ခင်းများ၊ ပီလောပီနံ စမ်းသပ်စိုက်ခင်း၊ ငါးကန်များတွင် ငါးမွေးမြူထားရှိမှုနှင့် ဘဲနှင့် ငန်း မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် မန္တလေးမြို့တော်အတွင်း ပန်းခြံများ၊ ဥယျာဉ်များ၊ မြေလွတ်များတွင် စိုက်ပျိုးရန်အတွက် အနုန်းပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထန်းပင်ကိုပါ ပြုစုပျိုးထောင်ပြီး ဘက်စုံခြံများအတွင်း စိုက်ပျိုးရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၆၉)

# ကမ္ဘာ့ဆရာများနေ့ ကြိုဆိုဂုဏ်ပြု၍ အာစရိယပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

အောက်တိုဘာ၅ရက်တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုက်ကြီးမြို့နယ် ဆရာ၊ဆရာမများနှင့်စေတနာရှင်ပြည်သူများ ပူးပေါင်း၍ အသက် (၇၀)ပြည့်နှင့်အထက် တိုက်ကြီးမြို့နယ် အတွင်းနေထိုင်သည့် အငြိမ်းစား ဆရာ၊ ဆရာမကြီး ၈၀ကျော်တို့အား တတိယ အကြိမ်မြောက်အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၄ရက်တွင် တိုက်ကြီး အထက အနော်ရထာခန်းမတွင် ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုပါက ဦးခင်မောင်သိန်း (လ/ထ ပညာရေးမှူး-ငြိမ်း)၊ ဦးမြင့်ဝင်း(ကျောင်းအုပ်ကြီး အလက၊ မြို့မ၊ တိုက်ကြီးမြို့)နှင့် ဦးကျော်ဟန်သိန်း (ဘဏ္ဍာရေးမှူး ၀၅၅-၂၀၀၂၆၊ ၀၅၅-၂၀၅၈၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၇-၉-၂၀၀၇ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၇။ အဆိုပြိုင်ပွဲ
၈:၁၀ ၈။ အကပဒေသာ
၈:၂၀ ၉။ စလင်းချောင်းတံတား
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၂၅ ၇။ တေးဂီတအစီအစဉ်
၅:၃၅ ၈။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင် ဒုတိယတန်းအဆင့်) (အမျိုးသမီး)
၅:၄၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သီရိဂေဟာ
၆:၅၅ ၁၃။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ (ရုပ်သေးပြိုင်ပွဲဆွေးနွေးခန်း)
၇:၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယချစ်ပုံပြင်" (အပိုင်း-၅)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး တဝဲလည်လည်" (အပိုင်း-၁၉)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

# နိုင်ငံတော် အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယ တနင်္ဂနွေနေ့နှင့်နောက်ဆုံးပတ် တနင်္ဂနွေနေ့တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၇ ခုနှစ် စက်တင်ဘာလအတွက်**
**(၃၀-၉-၂၀၀၇)ရက်နေ့**

# အရည်အသွေးကောင်း ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ် ဝန်ကြီး ဦးအောင်သောင်း သစ်အချောထည်စက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

**မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်း (C-1)စက်မှုဇုန်(၁)ရှိ Jewellery Luck Co, Ltd.သစ်အချောထည်စက်ရုံသို့ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်ခန်းမ၌ သစ်အချောထည်စက်ရုံ ဒါရိုက်တာ ဦးအေးထွန်းရွှေနှင့် ဒါရိုက်တာအဖွဲ့များအား တွေ့ဆုံသည်။**

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ဒါရိုက်တာ ဦးအေးထွန်းရွှေက သစ်အချောထည်စက်ရုံ၏ စက်ပစ္စည်းများအခြေအနေ၊ သစ်ပါးလွှာနှင့် အထပ်သား ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်နှင့် ကုန်ကြမ်းရရှိမှု အခြေအနေများကိုလည်းကောင်း၊ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်ချက်နှင့် အဆင့်မြင့်နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း သစ်ပါးလွှာနှင့် အထပ်သား ထုတ်လုပ်နိုင်မှုနှင့် စက်ရုံမှထွက်ရှိလာသော သစ်မှုန်သစ်စများဖြင့် Wood Gas ထုတ်လုပ်ပြီး အင်ဂျင်စက်များမောင်းနှင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

**တီထွင်ထုတ်လုပ်**

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အရည်အသွေး ကောင်းမွန်သော ကုန်ပစ္စည်းများအဖြစ် တိုးတက်ထုတ်လုပ်ကြရန်နှင့် Wood Gas ဖြင့် အင်ဂျင်လည်ပတ်၍ လျှပ်စစ်ထုတ်စက်ကို စက်မှုဇုန်များရှိ အခြားစက်မှုလုပ်ငန်းများတွင် ပိုမိုတွင်ကျယ်စွာ အသုံးပြုနိုင်ရန်၊ ပြည်ပသွင်းကုန်အစားထိုးပစ္စည်းအဖြစ် တိုးတက်တီထွင်ထုတ်လုပ်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သစ်အချောထည်စက်ရုံအတွင်း သစ်လွှာစက်၊ ကုန်ကြမ်းသစ်လုံးများ အခြေအနေကို လည်းကောင်း၊ ဖြတ်တောက်ပြီး သစ်ပါးလွှာများနှင့် ကော်ကပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အပူဖိစက်မှ ထွက်လာသော အထပ်သားများကို ပြုပြင်မွမ်းမံခြင်းနှင့် ထိပ်ဖြတ်ခြင်းလုပ်ငန်း အဆင့်ဆင့်ကိုလည်းကောင်း၊ နိုင်ငံခြားသို့ တင်ပို့မည့် သစ်ပါးလွှာကုန်ချောများနှင့် ပြည်တွင်းရောင်း အထပ်သားများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြသကြသည်။

**ထုတ်လုပ်ရောင်းချ**

ထို့နောက် သစ်မှုန့်၊သစ်သားစများဖြင့် Wood Gas ထုတ်လုပ်ပုံလုပ်ငန်းအဆင့်ဆင့်မှ မီးပေါင်းဖိုခြင်း၊ ရေဖျန်းသန့်စင်ခြင်း၊ ကတ္တရာစေးသန့်စင်ပြီး Wood Gas ထုတ်လုပ်ခြင်းကို အသေးစိတ် လိုက်လံကြည့်ရှု စစ်ဆေးပြီး ကော်မတီဥက္ကဋ္ဌ ဝန်ကြီးက မီးဘေးကြိုတင်ကာကွယ်ရေး အစီအမံများကို အလေးထားဂရုပြု ဆောင်ရွက်ကြရန် မှာကြားသည်။ အဆိုပါစက်ရုံမှ ရှစ်နာရီ တစ်ဆိုင်းလျှင် ကုန်ကြမ်းသစ်လုံး ၇၅တန် ထုတ်လုပ်နိုင်ပြီး အော်တိုဖော်မီကာအထပ်သားများလည်း ထုတ်လုပ်ရောင်းချလျက်ရှိသည်။

**မှာကြား**

ထိုမှတစ်ဆင့် နံနက် ၁၁နာရီ ၁၅မိနစ်တွင် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စံပြစက်မှုဇုန်(၁) ယောမင်းကြီးလမ်း G-3(A) ရှိ စီဝိုင်တီ စက်မှုထုတ်ကုန်လီမိတက် ပျံလွှားချည်မျှင်စက်ရုံသို့ရောက်ရှိပြီး စက်ရုံတွင်းရှိ ဝါဖန်ခြင်းလုပ်ငန်း၊ ဝါလိပ်စက်၊ ဗိုင်းတောင့်စက်၊ ချည်ငင်စက်၊ ချည်ကတော့စက်၊ ချားစက်၊ အပင်ပေါင်းစက်များ၏ ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်ကို ကုန်ထုတ်လိုင်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးရာ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းနိုင်က လိုက်လံရှင်းလင်းပြသရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယနေ့ မိုးလေဝသ (၂၇-၉-၂၀၀၇)

| နေပြည်တော် | ရန်ကုန် | မန္တလေး |
| --- | --- | --- |
| **နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။** | **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။** | **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။** |

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသား၊ ကျောင်းသူများလေ့လာ

**ရန်ကုန် စက်တင်ဘာ ၂၆**

ဆေးတက္ကသိုလ်(၁) ရန်ကုန်နောက်ဆုံးနှစ် အပိုင်း(က)မှ ကျောင်းသား၊ ကျောင်းသူ ၁၀၂ဦးတို့သည် ဆေးတက္ကသိုလ်(၁)ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ဆရာမများဦးဆောင်လျက် စက်တင်ဘာ ၂၀ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ရောက်ရှိလေ့လာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသောက ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၁)ရန်ကုန်မှ ကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမရှိ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဖွင့်လှစ်ထားသည့် ရောဂါရှာဖွေရေး ဆေးခန်း၊ မိခင်မှကလေးသို့ HIV ပိုး ကူးစက်မှုမှ ကာကွယ်တားဆီးခြင်းစီမံချက်ဌာနနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများကို လေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ်အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားစေရန်၊

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

# ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်းအကောင်အထည်ဖော်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၆

**အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. တို့၏ ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာ ထွန်းရှင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရာ သံမှူး Mr. Tang Hai၊ China CAMC Engineering Co., Ltd. President, Ms. Luo Yan နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်မောင်နှင့် China CAMC Engineering Co., Ltd. President, Ms. Luo Yan တို့က စီမံကိန်းဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

**ရုပ်သိမ်း**

ယင်းနောက် ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်နှင့် China CAMC Engineering Co., Ltd. President, Ms. Luo Yan တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို လဲလှယ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တင်ပို့သွားမည်**

ယခုချုပ်ဆိုသည့် သဘောတူစာချုပ်အရ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု လုပ်ငန်းနှင့် China CAMC Engineering Co., Ltd. တို့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၃၃သန်းဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံကို တည်ထောင်မည်ဖြစ်သည်။ အဆိုပါ စက်ရုံပြီးစီးပါက ရေဒီယယ်တာယာ အရွယ်အစား ၁၁မျိုးကို တစ်နှစ်လျှင် တာယာလုံးရေ ၃၀၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မည့် တာယာ၏ ၄၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တွေ ပါဝင်လာခဲ့တာကို
းအကျပ်အတည်းကြောင့်
ကြောင်း၊ တိုင်းပြည်တွင်
တာဝန်ရှိမှာဖြစ်ကြောင်း
ာ်ကြောင်းပေးခဲ့ပါတယ်။
မိမိတို့ဆန္ဒကို ဖော်ထုတ်
းထက်ပိုမိုပြီးစုဝေးခြင်း၊
ာ်ကြွေးကြော်ခြင်းများကို
/၈၈ နဲ့ လုံးဝငြိစွန်းခြင်း
ကတော့ တည်ဆဲဥပဒေ
အရှိန်မြှင့်လုပ်ဆောင်ဖို့
။ အဲဒီကြေညာချက်
ွက သံဃာတော်တွေ
အေးချမ်းစွာ နေထိုင်လိုတဲ့
ွှင့်ဌာနတွေနဲ့ လက်ဝါး
ထုတ်လွှင့်လာခဲ့တာကို

ွက လူထုကတောင်းဆို
ူးဆိုတဲ့ စကားတွေကို
သည်းခံမှု၊ ခွင့်လွှတ်မှု၊
ာ်မှုတွေကို အခွင့်ကောင်း
ာတာပါ။ ဒါ့ကြောင့်လည်း
ာန်းခေါင်းဆောင်တွေ၊
ာ်ဘ်ပါဝင်လာခဲ့တာပါ။
း နောက်တန်းကနေခဲ့တဲ့
ာ်ဘ်တက်ကလာခဲ့ပြီလို့
ာတည်းက စွဲကိုင်လာတဲ့
ုံးစုံပျက်သုဉ်းရေးဆိုတဲ့
ဖော်ပြလိုက်တာပါ။
း သူ့ရဲ့စရိုက်မှန်ဘီလူး
ာတာတော့ ကျွန်တော်တို့

# အမှန်နှင့်အမှားများ (၂)

ကျော်မင်းလူ (ရွှေပြည်သာ)

NLD နောက်ကပါလာတာက ၈၈ မျိုးဆက် ကျောင်းသားအမည်ခံ အုပ်စုပါ။ ဒီအုပ်စုဝင်အများစုဟာ ၁၉၈၈ခုနှစ်တုန်းက လက်ဝဲအယူဝါဒတွေနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်ခဲ့တဲ့သူတွေပါ။ နိုင်ငံတော်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး အဲဒီအုပ်စုက ခေါင်းဆောင်အများစုကို ပြစ်ဒဏ်ကျခံနေရာကနေ လွှတ်ပေးလိုက်တဲ့ အချိန်ကစလို့ နိုင်ငံရေးဇာတ်ခုံပေါ် ပြန်တက်လာသူတွေပေါ့။ ဒီအဖွဲ့တွေက ဂျင်းရှပ်ရဲ့နည်းနာအတိုင်း အကြမ်းမဖက်ရေးလှုပ်ရှားမှုဆိုတဲ့ ခေါင်းစဉ်အောက်ကနေ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေကို လုပ်လာခဲ့တာပါ။ အဲဒီအဖွဲ့ဝင်တွေဟာ ၁၉၈၈ခုနှစ်ကတည်းက လုပ်ခဲ့တဲ့ မြေပေါ်တစ်ဝက် မြေအောက်တစ်ဝက် လှုပ်ရှားမှုတွေကို ပြန်လည်စတင်ဖို့ ပြည်ပြေးအဖွဲ့တွေနဲ့ ပြန်လည်ဆက်သွယ်ပြီး အဖျက်အမှောင့်လုပ်ရပ်တွေလုပ်ခဲ့တာပါ။ **နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး စိတ်ရှည်သည်းခံစွာနဲ့ ကိုင်တွယ်ခဲ့တာကို အခွင့်ကောင်းယူပြီး လှုပ်ရှားမှုတွေကို တဖြည်းဖြည်း အရှိန်မြှင့်လာခဲ့တာဖြစ်ပါတယ်။ ဗကပရဲ့ နည်းနာတွေ၊ ဂျင်းရှပ်ရဲ့ နည်းနာတွေကိုကျင့်သုံးပြီး လူထုလှုပ်ရှားမှုတွေ စတင်နိုင်အောင် Campaign အမျိုးမျိုးလုပ်တယ်၊ ဗကပရဲ့ ဒီမို ၂၀၀၆၊ ၂၀၀၇ ကြံဆချက်များဆိုတဲ့ တက်ကြွလှုပ်ရှားသူများတပ်ဦး(Activist Front, AF)နဲ့ မြေအောက်လှုပ်ရှားမှု (Under Ground, UG)လှုပ်ရှားမှုတွေကို ပေါင်းစပ်လှုပ်ရှားခဲ့တာပါ။ ဒါ့ကြောင့် ၈၈ အုပ်စုအနေနဲ့ နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို မြန်မာနိုင်ငံကို ဖိအားပေးအရေးယူဖို့ စာရေးသားတိုက်တွန်းတာတွေ လုပ်ခဲ့သလို ပြည်သူလူထုအတွင်းမှာ စီးပွားရေး၊ လူမှုရေးခေါင်းစဉ်အမျိုးမျိုးနဲ့ ဝင်ရောက်လှုပ်ရှားပြီး သွေးထိုးလှုံ့ဆော်မှုတွေ လုပ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ နောက်ဆုံး နေတင်မြင့်တို့ကို ပြည်ပအထိ စေလွှတ်ပြီး ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ လုပ်နိုင်ဖို့အထိ ခြေလှမ်းကျဲခဲ့တာပါ။ ဒါတွေအားလုံးက မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားရေးအတွက် ချမှတ်ထားတဲ့ မဟာဗျူဟာကို အကောင်အထည် ဖော်နေတာပါပဲ။** ဒါကို ကျွန်တော်တို့ ခင်ဗျားတို့ သတိထားဖို့လိုပါတယ်။ သူတို့ကို လူတွေသနားအောင် ကျောင်းသားအမည်ခံ နေပေမယ့် အသက်အရွယ်တွေက ခင်ဗျားတို့ ကျွန်တော်တို့လို လေးဆယ်ကျော်တွေပါ။ ကျောင်းသား မဟုတ်တော့သလို နိုင်ငံရေးအတွေ့အကြုံကလည်း ၈၈ အရေးအခင်းမှာ သုံးလေးလလောက် အစိုးရကို ကလော်ဆဲဖူးတာကလွဲပြီး နတ္ထိပါ၊ သူတို့မှာ တင်းပြည့်ကျပ်ပြည့်ရှိတာဆိုလို့ ဆူပူဆန္ဒပြရေး၊ အဖျက်အမှောင့်လုပ်ရေးအတွေးအခေါ်ပဲရှိတာပါ။

ဒီအဖွဲ့တွေက NLD နဲ့ပုလင်းတူ၊ ဘူးဆို့လို့ပြောနိုင်ပေမယ့် သူတို့မှာလည်း ကွဲပြားတဲ့ ရည်မှန်းချက်ရှိတယ်။ အခုသူတို့က NLD နဲ့ ပြည်တွင်းပြည်ပက အစိုးရဆန့်ကျင်ရေးအဖွဲ့တွေ၊ ပြည်ပမီဒီယာတွေက ဝိုင်းတွန်းတင်ပေးထားလို့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးစင်မြင့်ပေါ် ရောက်လာခဲ့ပြီ။ သူတို့ကိုယ်သူတို့ အစိုးရဆန့်ကျင်ရေးအုပ်စုတွေထဲမှာ ဒုတိယခေါင်းဆောင်တန်း (Second Line Leader)နေရာမှာရှိတယ်လို့ ယူဆနေတာပါ။ ဒေါ်စုကြည်ပြီးရင် သူတို့ပဲရှိတယ်ဆိုတဲ့ သဘောပါ။ သူတို့က အခု NLD မှာ ခေါင်းဆောင်တာဝန်ယူနေရတဲ့ ဘောင်းဘီချွတ် စစ်ဗိုလ်ဟောင်းတွေကိုရော၊ နိုင်ငံရေးသမားဟောင်းတွေကိုပါ သိပ်အထင်ကြီးတာ မဟုတ်ပါဘူး။ အခြေအနေအရ လက်တွဲနေရပေမယ့် တစ်ချိန်မှာ ခေါင်းဆောင်မှုက သူတို့လက်ထဲရောက်လာမယ်လို့ ထင်နေသူတွေပါ။ ဒါ့ကြောင့် ခုကတည်းက NLD လူငယ်တွေကတစ်ဆင့် NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို တိုးချဲ့ဖွဲ့ရမယ်၊ ဘာညာဆိုပြီး လေသံပစ်နေတာပါ။ ဒါတွေကြားရတော့ ၁၉၆၇–၆၈ ကာလ တွေက ပဲခူးရိုးမ ဗကပ ဗဟိုဌာနချုပ်မှာ တိုးချဲ့ပေါ်လစ်ဗျူရို ဖွဲ့တယ်ဆိုပြီး တပ်နီလူငယ်တွေကို ဆွဲသွင်း၊ ပါတီတွင်း အာဏာသိမ်းမှုလုပ်ပြီး ဂိုရှယ်၊ ရဲဘော်ဌေး၊ ဗိုလ်ရန်အောင်စတဲ့သူတွေကို ဖြုတ်ထုတ်သတ်လုပ်ခဲ့တာ သတိရမိပါသေးတယ်။

**၈၈ အုပ်စုဟာ ၂၀၀၆ခုနှစ် အောက်တိုဘာလ အမျိုးသားညီလာခံ ပြန်လည်ကျင်းပတော့မယ့် အချိန်ကစလို့ NLD နှစ်ပတ်လည်နေ့နဲ့ တိုက်ဆိုင်ပြီး အမျိုးသားညီလာခံပျက်စီးရေးလုပ်ဖို့ စတင်ခဲ့တာပါ။ အဲဒီတုန်းက တာဝန်ရှိသူတွေက ခေတ္တခေါ်ယူထိန်းသိမ်းထားသူတွေကို အမျိုးသားညီလာခံပြီးတဲ့အချိန်မှာ ပြန်လွှတ်ပေးခဲ့တာပါ။ အဲဒီလိုခေါ်ယူထားစဉ်ကာလမှာလည်း တာဝန်ရှိသူတွေက အမျိုးသားညီလာခံနဲ့ပတ်သက်လို့ရော၊ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ ပတ်သက်လို့ရော ရှင်းလင်းပြောကြားခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် အပြင်ပြန်ရောက်လာတော့လည်း သိတော်မူတဲ့အတိုင်းပါပဲ ကျွန်တော်တို့ရဲ့အမည်ခံ ကျောင်းသားကြီးများက ခွေးမြီးကောက်ကျည်တောက်စွပ်ပါပဲ။**

**၈၈မျိုးဆက်ကျောင်းသားအမည်ခံအုပ်စုတွေရဲ့ အမျိုးသားညီလာခံနဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားရေးလုပ်ငန်းစဉ်တွေကို ပြည်ပြေးအဖွဲ့တွေ အားလုံးကရော ပြည်ပ အင်အားကြီးနိုင်ငံတစ်ခုကပါ ငွေအားလူအားနဲ့ ပံ့ပိုးပေးခဲ့တာပါ။ ၂၀၀၆ ခုနှစ်မှာ အေအေပီပီအဖွဲ့က ဘိုကြည်ကနေပြီး ၂၀၀၆ ခုနှစ် ဧပြီလအတွင်းမှာ အနောက်နိုင်ငံ သံရုံးတစ်ခုကနေတစ်ဆင့် ငွေကျပ်သိန်း ၂၅၀ကို မင်းကိုနိုင်တို့ထံကို ပို့ပေးခဲ့ပါတယ်။ ဒီလိုပဲ ၂၀၀၆ခုနှစ် ဩဂုတ်လထဲမှာလည်း အနောက်နိုင်ငံ အင်န်ဂျီအိုအဖွဲ့ တစ်ခုကနေပြီး ဒေါ်ကြွယ်ဆီကို ဒေါ်လာသုံးသောင်းပို့ပေးခဲ့သေးသလို အမေရိကန်ရောက် ဗကသဟောင်းများနဲ့ အင်န်ဒီဒီအဖွဲ့က ခင်ဥမ္မာတို့ကလည်း ငွေ ၂၅ သိန်း ပို့ခဲ့တယ်။ အမေရိကန်လွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ National Endowment for Democracy, NED အဖွဲ့ကလည်း ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားဖို့ပေးတဲ့ အကူအညီခေါင်းစဉ်အောက်ကနေ ဒေါ်လာ နှစ်သန်း ကိုးသိန်းကျော် ထောက်ပံ့ခဲ့တဲ့ အထောက်အထားတွေ ရှိပါတယ်။ အဲဒီအထဲမှာ ဒေါ်လာရှစ်သိန်းက ပြည်တွင်းမှာ လှုပ်ရှားနေတဲ့ အဖွဲ့တွေကိုပေးတယ်လို့ အတိအလင်းဖော်ပြထားပါတယ်။ ဒါက အလွယ်တကူ ရှာတွေ့နိုင်တဲ့ အထောက်အထားတွေအရပဲ ရှိပါသေးတယ်။ စီအိုင်အေလို ထောက်လှမ်းရေးအဖွဲ့တွေ၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ရန်ပုံငွေတွေကို တစ်ဆင့်ခံအင်န်ဂျီအိုတွေကတစ်ဆင့် ၈၈ အုပ်စုတွေဆီကို ရောက်နေဦးမှာ သေချာပါတယ်။**

ဒီငွေတွေကြောင့်ပဲ ၈၈ အုပ်စုဝင်တွေဟာ ဘာအလုပ်အကိုင်၊ ဘာဝင်ငွေမှ မရှိဘဲ ကားတဝီဝီစီး၊ ဟန်းဖုန်းတွေ ခါးချိတ်၊ ကင်မရာကိုယ်စီနဲ့ အခမ်းအနားတွေမှာ လှုပ်ရှားနေတာကို ခင်ဗျားတို့ ကျွန်တော်တို့တွေ့နေရတာပေါ့။ သူတို့ကို အစိုးရက ဟန်းဖုန်းထုတ်မပေးတာတော့ သေချာတယ်။ သိန်းနှစ်ဆယ်ကျော်ပေးရတဲ့ ဖုန်းတွေကို ကိုယ်စီကိုယ်စီကိုင်နေနိုင်တာ ဘယ်က ငွေတွေရလို့လဲလို့ မေးကြည့်စေချင်တယ်။ တစ်ခါတလေ မြန်မာပြည်အနှံ့တောင် ကားစီးလုံးငှားပြီး ခရီးထွက်လိုက်သေးဆိုပဲ။ **ဒီငွေတွေနဲ့ပဲ ကျောင်းသား လောကထဲကို ကျောင်းသား အတုအယောင်တွေနဲ့ ထိုးဖောက်စည်းရုံးဖို့၊ စက်မှုဇုန်တွေက အလုပ်သမားတွေကို အလုပ်သမား အတုအယောင်တွေနဲ့ ဝင်ရောက်သွေးထိုးဖို့ လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့လှုပ်ရှားမှုတွေမှာ လူစည်ကားအောင် အလံရှူးတွေကြိုလွှတ်ပြီး လက်ခုပ်တီးခိုင်းတာ၊ ရေသန့်ဘူး ထွက်ကမ်းတာတို့ဆိုတဲ့ အလုပ်တွေကိုလုပ်ဖို့ ဒီငွေတွေနဲ့ပဲ လူတွေငှားပြီးခိုင်းခဲ့တာပါ။ မသိတဲ့လူတွေ၊ အမြင်မကျယ်သေးတဲ့ လူငယ်တွေအမြင်မှာတော့ သူတို့ကို ပြည်သူလူထုကထောက်ခံနေတယ်ဆိုပြီးမြင်လာအောင် ကိုယ့်ဖဲကိုယ်ချိုးပြီး လုပ်တဲ့အလုပ်ပေါ့ဗျာ။ ပါလီမန်ခေတ်က အမတ်တွေ လူငှားပြီး လက်ခုပ်တီးခိုင်းတဲ့၊ မဲထည့်ခိုင်းတဲ့ အပေါက်မျိုးပါပဲ။**

၈၈ အုပ်စုတွေက ပြည်ပကထောက်ပံ့တဲ့ငွေတွေနဲ့ မြေပေါ်လှုပ်ရှားမှုတွေကို လုပ်တာမဟုတ်သေးဘူး။ ၁၉၈၈၊ ၁၉၈၉ တုန်းက မင်းကိုနိုင်တို့၊ မိုးသီးဇွန်တို့ လုပ်ခဲ့တဲ့အလုပ်တွေလည်း ပြန်လုပ်ခဲ့သေးတယ်။ ၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူလိုက်တဲ့အခါကျတော့ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်တို့နဲ့

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

၈၈ မျိုးဆက်ကျောင်းသားအမည်ခံ အုပ်စုတွေရဲ့ အမျိုးသားညီလာခံနဲ့ မူဝါဒလမ်းစဉ် (၇)ရပ် ပျက်ပြားရေး လုပ်ငန်းစဉ်တွေကို ပြည်ပြေးအဖွဲ့တွေ အားလုံးကရော ပြည်ပ အင်အားကြီးနိုင်ငံ တစ်ခုကပါ ငွေအားလူအားနဲ့ ပံ့ပိုးပေးခဲ့တာပါ။ ၂၀၀၆ ခုနှစ်မှာ အေအေပီပီအဖွဲ့က ဘိုကြည်ကနေပြီး ၂၀၀၆ ခုနှစ် ဧပြီလအတွင်းမှာ အနောက်နိုင်ငံ သံရုံးတစ်ခုကနေ တစ်ဆင့် ငွေကျပ်သိန်း ၂၅၀ ကို မင်းကိုနိုင်တို့ထံကို ပို့ပေးခဲ့ပါတယ်။ ဒီလိုပဲ ၂၀၀၆ခုနှစ် ဩဂုတ်လထဲမှာလည်း အနောက်နိုင်ငံ အင်န်ဂျီအိုအဖွဲ့ တစ်ခုကနေပြီး ဒေါ်ကြွယ်ဆီကို ဒေါ်လာသုံးသောင်းပို့ပေးခဲ့သေးသလို အမေရိကန်ရောက် ဗကသဟောင်းများနဲ့ အင်န်ဒီဒီအဖွဲ့က ခင်ဥမ္မာတို့ကလည်း ငွေ ၂၅ သိန်း ပို့ခဲ့တယ်။ အမေရိကန်လွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ National Endowment for Democracy, NED အဖွဲ့ကလည်း ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားဖို့ပေးတဲ့ အကူအညီခေါင်းစဉ် အောက်ကနေ ဒေါ်လာ နှစ်သန်း ကိုးသိန်းကျော် ထောက်ပံ့ခဲ့တဲ့ အထောက်အထားတွေ ရှိပါတယ်။ အဲဒီအထဲမှာ ဒေါ်လာရှစ်သိန်းက ပြည်တွင်းမှာ လှုပ်ရှားနေတဲ့ အဖွဲ့တွေကိုပေးတယ်လို့ အတိအလင်း ဖော်ပြထားပါတယ်။

ဒီငွေတွေနဲ့ပဲ ကျောင်းသား လောကထဲကို ကျောင်းသား အတုအယောင်တွေနဲ့ ထိုးဖောက်စည်းရုံးဖို့ စက်မှုဇုန်တွေက အလုပ်သမားတွေကို အလုပ်သမား အတုအယောင်တွေနဲ့ ဝင်ရောက်သွေးထိုးဖို့ လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့လှုပ်ရှားမှုတွေမှာ လူစည်ကားအောင် အလံရှူးတွေကြိုလွှတ်ပြီး လက်ခုပ်တီးခိုင်းတာ၊ ရေသန့်ဘူး ထွက်ကမ်းတာတို့ဆိုတဲ့ အလုပ်တွေကိုလုပ်ဖို့ ဒီငွေတွေနဲ့ပဲ လူတွေငှားပြီးခိုင်းခဲ့တာပါ။ မသိတဲ့ လူတွေ၊ အမြင်မကျယ်သေးတဲ့ လူငယ်တွေ အမြင်မှာတော့ သူတို့ကို ပြည်သူလူထုက ထောက်ခံနေတယ်ဆိုပြီး မြင်လာအောင် ကိုယ့်ဖဲကိုယ်ချိုးပြီးလုပ်တဲ့ အလုပ်ပေါ့ဗျာ။ ပါလီမန်ခေတ်က အမတ်တွေ လူငှားပြီး လက်ခုပ်တီးခိုင်းတဲ့၊ မဲထည့်ခိုင်းတဲ့ အပေါက်မျိုးပါပဲ။

သားပြန်လည်စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး စိတ်ရှည်သည်းခံစွာနဲ့
ပြီး လှုပ်ရှားမှုတွေကို တဖြည်းဖြည်း အရှိန်မြှင့်လာခဲ့တာဖြစ်ပါတယ်။
နည်းနာတွေကိုကျင့်သုံးပြီး လူထုလှုပ်ရှားမှုတွေ စတင်နိုင်အောင်
ပ်တယ်၊ ဗကပရဲ့ ဒီမို ၂၀၀၆၊ ၂၀၀၇ ကြံဆချက်များဆိုတဲ့
(Activist Front, AF)နဲ့ မြေအောက်လှုပ်ရှားမှု
G)လှုပ်ရှားမှုတွေကို ပေါင်းစပ်လှုပ်ရှားခဲ့တာပါ။ ဒါ့ကြောင့် ၈၈
အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို မြန်မာနိုင်ငံကို
းတိုက်တွန်းတာတွေလုပ်ခဲ့သလို ပြည်သူလူထုအတွင်းမှာ စီးပွားရေး၊
ဝင်ရောက်လှုပ်ရှားပြီး သွေးထိုးလှုံ့ဆော်မှုတွေ လုပ်ခဲ့တာကို
ဆုံး နေတင်မြင့်တို့ကို ပြည်ပအထိ စေလွှတ်ပြီး ပြည်တွင်းမှာ
တွေကို အရှိန်အဟုန်နဲ့ လုပ်နိုင်ဖို့အထိ ခြေလှမ်းကျဲခဲ့တာပါ။
ဉ်(၇)ရပ် ပျက်ပြားရေးအတွက် ချမှတ်ထားတဲ့ မဟာဗျူဟာကို
ပါ။

❍ စာမျက်နှာ ၉ ဆောင်းပါးမှ အဆက်

ဖွဲ့စည်းထားတဲ့ ဗကသ က နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ဖို့အတွက် မြေပေါ်လှုပ်ရှားမှုနဲ့ မြေအောက်လှုပ်ရှားမှုပေါင်းစပ်တဲ့ တစ်ဝက်တစ်ပျက် ယူဂျီလုပ်ငန်းများ (Semi-UG) လုပ်ကိုင်ရန်၊ တရားဝင်နိုင်ငံရေးပါတီဖွဲ့စည်းရန်နဲ့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ရန်ဆိုတဲ့ နည်းလမ်းသုံးခုကို ချခဲ့တယ်။ ရှင်းအောင်ပြောရရင် အစိုးရကို မြေပေါ်၊ မြေအောက်နဲ့ လက်နက်ကိုင်လှုပ်ရှားမှု သုံးဘက်ညှပ်ပြီး တိုက်မယ်ဆိုတဲ့ သဘောပါပဲ။ ဒါကြောင့် ထွန်းအောင်ကျော်တို့၊ နိုင်အောင်တို့က လက်နက်ကိုင်လမ်းစဉ်အတွက် နယ်စပ်မှာ အေဘီအက်စ်ဒီအက်ဖ်ကိုဖွဲ့၊ မိုးသီးဇွန်က လူ့ဘောင်သစ်ဒီမိုကရေစီပါတီကို မြေပေါ်ပါတီအဖြစ် ထူထောင်၊ မင်းကိုနိုင်က ဗကသကို မြေပေါ်မြေအောက်ဆက်စပ်လှုပ်ရှားဖို့အတွက် ခေါင်းဆောင်ဆိုတဲ့ ပုံစံကိုဖော်ဆောင်ခဲ့ကြတာပါ။ အဲဒီတုန်းက သတင်းစာတွေ၊ ဆောင်းပါးတွေမှာ အဲဒီလှုပ်ရှားမှုတွေအကြောင်း အကျယ်တဝင့်ပါခဲ့တာကို တွေ့နိုင်ပါသေးတယ်။

နောက်ဆုံး တပ်မတော်က သူတို့တစ်တွေရဲ့အကြံကို ဖော်ထုတ်အရေးယူတာတွေ လုပ်ခဲ့တော့ လူ့ဘောင်သစ်လည်းပျက်၊ မိုးသီးဇွန်လည်း နယ်စပ်ပြေး၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်တို့လည်း တရားဥပဒေအရ အရေးယူခံရပြီး ၈၈ အုပ်စုအနေနဲ့ က–ကောင်းတုန်း ဇာတ်စင်ကျိုးပြီး ပွဲပျက်သွားတော့တာပါပဲ။ မိုးသီးဇွန်ကတော့ သူတို့ထဲမှာ လူလည်အကျဆုံးဆိုတော့ နယ်စပ်မှာ ခဏနေပြီး ABSDF ဥက္ကဋ္ဌ လုပ်လိုက်သေးတယ်။ နောက်တော့ လက်နက်ကိုင်တော်လှန်ရေး လုပ်တာထက် ထောက်ပံ့ကြေးယူရတဲ့ သူတောင်းစား တော်လှန်ရေးလုပ်ရတာ ပိုကောင်းတယ်ဆိုပြီး အမေရိကန်မှာသွားပြီး ပညာသင်သလိုလို၊ မြန်မာ့အရေး လှုပ်ရှားသလိုလိုနဲ့ ဇိမ်ကျနေတော့တာပဲ။ ဘယ်သူတွေက ထောက်ပံ့ထားတယ်ဆိုတာတော့ မိုးသီးဇွန်အသိဆုံးဖြစ်မှာပါ။ ဒါတောင် တစ်ခါတစ်ခါ အသံလွှင့်ဌာနတွေက တစ်ဆင့် မြန်မာပြည်သူတွေ ကိုယ့်အားကိုယ်ကိုးဖို့ဆိုပြီး အားမနာလျှာမကျိုး ပြောပြောနေသေးတယ်။ ကဲ မိုးသီးဇွန်အကြောင်းခဏထား ပြည်တွင်းက ၈၈ အုပ်စုအကြောင်း ဆက်ရအောင်။

**၂၀၀၄ ခုနှစ် ကုန်ခါနီးမှာ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်တို့ ပြစ်ဒဏ်ကျခံနေရာကနေ လွတ်လာတော့ နိုင်ငံတော်ကိုကျေးဇူးတင်ရမယ့်အစား ၈၈၊ ၈၉ တုန်းကဇာတ်ပျက်ကို ပြန်ကဖို့ကြိုးစားလာကြတယ်။ ဒါကြောင့်လည်း အစိုးရသည်းခံခွင့်လွှတ်တာကို အခွင့်ကောင်းယူပြီး မြေပေါ်လှုပ်ရှားမှုတွေလုပ်သလို နယ်စပ်မှာ ပြည်ပြေးအကြမ်းဖက်သမားတွေ၊ လက်ကျန်သောင်းကျန်းသူတွေ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ NCGUB၊ ABSDF အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပေါင်းပြီး လူထုတိုက်ပွဲကော်မတီဆိုတာဖွဲ့ပြီး ပြည်တွင်းမှာ ဆူပူမှုတွေဖြစ်အောင်လုပ်ဖို့ ကြိုးစားလာခဲ့တယ်။ နောက်ဆုံးမှာ ပြည်ပကလုပ်နေတဲ့ အဖွဲ့တွေကို အားမရလို့နဲ့တူပါရဲ့၊ ပြည်တွင်း ၈၈ အုပ်စုက နေတင်မြင့်ကို ဒီနှစ် မေလထဲမှာ မဲဆောက်ကတစ်ဆင့် ပြည်ပကိုစေလွှတ်ပြီး အဖျက်လုပ်ငန်းတွေကို ပေါင်းစပ်ညှိနှိုင်းဖို့တာဝန်ပေးတဲ့အထိ အတင့်ရဲလာခဲ့ကြတယ်။ မင်းကိုနိုင်တို့က နေတင်မြင့်ထွက်သွားတာဟာ အဖျက်လုပ်ငန်းတွေလုပ်ဖို့ မဟုတ်ပါဘူးလို့ ငြင်းခဲ့ပေမယ့် စက်တင်ဘာလ ၂၄ရက်နေ့မှာ NLD(LA) က အထူးကြေညာချက်ထုတ်ပြန်ပြီး ဖွဲ့စည်းခဲ့တဲ့လူထုတိုက်ပွဲကော်မတီဝင်ကိုးဦးမှာ နေတင်မြင့် နာမည်ပါနေတာကို တွေ့လိုက်ရတော့ အော်**

၂၀၀၄ ခုနှစ် ကုန်ခါနီးမှာ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်တို့ ပြစ်ဒဏ်ကျခံနေရာကနေ လွတ်လာတော့ နိုင်ငံတော်ကို ကျေးဇူးတင်ရမယ့်အစား ၈၈၊ ၈၉ တုန်းကဇာတ်ပျက်ကို ပြန်ကဖို့ ကြိုးစားလာကြတယ်။ ဒါကြောင့်လည်း အစိုးရသည်းခံခွင့်လွှတ်တာကို အခွင့်ကောင်းယူပြီး မြေပေါ်လှုပ်ရှားမှုတွေလုပ်သလို နယ်စပ်မှာ ပြည်ပြေးအကြမ်းဖက်သမားတွေ၊ လက်ကျန်သောင်းကျန်းသူတွေ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ NCGUB၊ ABSDF အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပေါင်းပြီး လူထုတိုက်ပွဲကော်မတီဆိုတာဖွဲ့ပြီး ပြည်တွင်းမှာ ဆူပူမှုတွေဖြစ်အောင်လုပ်ဖို့ ကြိုးစားလာခဲ့တယ်။ နောက်ဆုံးမှာ ပြည်ပကလုပ်နေတဲ့ အဖွဲ့တွေကို အားမရလို့နဲ့တူပါရဲ့၊ ပြည်တွင်း ၈၈ အုပ်စုက နေတင်မြင့်ကို ဒီနှစ် မေလထဲမှာ မဲဆောက်ကတစ်ဆင့် ပြည်ပကိုစေလွှတ်ပြီး အဖျက်လုပ်ငန်းတွေကို ပေါင်းစပ်ညှိနှိုင်းဖို့ တာဝန်ပေးတဲ့အထိ အတင့်ရဲလာခဲ့ကြတယ်။ မင်းကိုနိုင်တို့က နေတင်မြင့် ထွက်သွားတာဟာ အဖျက်လုပ်ငန်းတွေလုပ်ဖို့ မဟုတ်ပါဘူးလို့ ငြင်းခဲ့ပေမယ့် စက်တင်ဘာလ ၂၄ရက်နေ့မှာ NLD(LA) က အထူးကြေညာချက်ထုတ်ပြန်ပြီး ဖွဲ့စည်းခဲ့တဲ့ လူထုတိုက်ပွဲကော်မတီဝင် ကိုးဦးမှာ နေတင်မြင့်နာမည် ပါနေတာကို တွေ့လိုက်ရတော့ အော် မင်းကိုနိုင်တို့လဲ ရှေ့က ဖုံး၊ နောက်ကပေါ် ဖြစ်နေပါပေါ့လားလို့သာ သက်ပြင်းချမိပါတော့တယ်ဗျာ။

မင်းကိုနိုင်တို့အုပ်စုဟာ ဒီနှစ် ဇူလိုင်လထဲမှာ အမျိုးသားညီလာခံ ပြန်လည် ကျင်းပတော့မယ်ဆိုတာသိတာနဲ့ အမျိုးသားညီလာခံ ပျက်ပြားရေးလုပ်ရပ်တွေကို အရှိန်မြှင့် လုပ်ဆောင်လာခဲ့ပြန်တယ်။ ဇွန်လအတွင်းမှာ ၈၈ အုပ်စုအနေနဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်သော သဘောထားကြေညာချက်ဆိုတာကို ထုတ်ပြန် ခဲ့သလို ရှစ်လေးလုံး နှစ်ပတ်လည်နေ့မှာလည်း ကြေညာချက်တစ်စောင် ထုတ်ခဲ့ပါတယ်။ အဲဒီကြေညာချက် နှစ်စောင်မှာပါဝင်တဲ့ အရေးအသားတွေကိုကြည့်ရင် အမျိုးသား ညီလာခံကို ပျက်ပြားစေရန်နဲ့ အမျိုးသားညီလာခံက ဆောင်ရွက်နေတဲ့ လုပ်ငန်းများကို ထိခိုက်စေရန်၊ သေးသိမ်စေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ပါဝင် နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအုပ်စုရဲ့ ကြေညာ ချက်တွေနဲ့ ချိန်ကိုက်ပြီး ပြည်ပက အကြမ်းဖက်သမားတွေကလည်း ဇူလိုင်လအတွင်းမှာ နယ်စပ်ဒေသကနေ ဖောက်ခွဲရေးအဖွဲ့တွေကို ပြည်တွင်းကို စေလွှတ်ခဲ့သေးတယ်။

**မင်းကိုနိုင်တို့လဲ ရှေ့က ဖုံး၊ နောက်ကပေါ် ဖြစ်နေပါပေါ့လားလို့သာ သက်ပြင်းချမိပါတော့တယ်ဗျာ။**

**မင်းကိုနိုင်တို့အုပ်စုဟာ ဒီနှစ် ဇူလိုင်လထဲမှာ အမျိုးသားညီလာခံ ပြန်လည်ကျင်းပတော့မယ်ဆိုတာသိတာနဲ့ အမျိုးသားညီလာခံပျက်ပြားရေး လုပ်ရပ်တွေကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပြန်တယ်။ ဇွန်လအတွင်းမှာ ၈၈ အုပ်စုအနေနဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်သော သဘောထား ကြေညာချက်ဆိုတာကို ထုတ်ပြန်ခဲ့သလို ရှစ်လေးလုံး နှစ်ပတ်လည်နေ့မှာလည်း ကြေညာချက်တစ်စောင် ထုတ်ခဲ့ပါတယ်။ အဲဒီကြေညာချက် နှစ်စောင်မှာပါဝင်တဲ့ အရေးအသားတွေကိုကြည့်ရင် အမျိုးသားညီလာခံကို ပျက်ပြားစေရန်နဲ့ အမျိုးသားညီလာခံက ဆောင်ရွက်နေတဲ့ လုပ်ငန်းများကို ထိခိုက်စေရန်၊ သေးသိမ်စေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအုပ်စုရဲ့ ကြေညာချက်တွေနဲ့ ချိန်ကိုက်ပြီး ပြည်ပက အကြမ်းဖက်သမားတွေကလည်း ဇူလိုင်လအတွင်းမှာ နယ်စပ်ဒေသကနေ ဖောက်ခွဲရေးအဖွဲ့တွေကို ပြည်တွင်းကို စေလွှတ်ခဲ့သေးတယ်။** ဒီသတင်းတွေကတော့ သတင်းစာတွေထဲမှာ အကျယ်တဝင့် ပါခဲ့ပြီးဖြစ်လို့ ကျွန်တော် အသေးစိတ် မပြောတော့ပါဘူး။

ဒီအုပ်စုတွေရဲ့ ရည်ရွယ်ချက်က ရှင်းရှင်းလေးပါ။ ပြည်တွင်း ဖောက်ခွဲမှုတွေ ပြုလုပ်ပြီး အမျိုးသားညီလာခံကို ပျက်အောင်ဖျက်မယ်၊ တတ်နိုင်ရင် အမျိုးသားညီလာခံ ကျင်းပတဲ့နေရာမှာ ဖောက်ခွဲမှုတွေလုပ်ပြီး ကိုယ်စားလှယ်တော်တွေ အသက်ဆုံးရှုံးရတဲ့အထိ လုပ်မယ်ဆိုပြီး အကြံပက်စက်ခဲ့တာပါ။ လုံခြုံရေးတာဝန်ရှိတဲ့အဖွဲ့အစည်းများက ပြည်သူလူထု အကူအညီနဲ့ ကြပ်ကြပ်မတ်မတ် ကာကွယ်ဆောင်ရွက်နိုင်ခဲ့လို့ သူတို့ လုပ်ရပ်တွေ မအောင်မြင်ခဲ့တာပါ။ ဒီအကြမ်းဖက်လုပ်ရပ်တွေနဲ့ အမျိုးသားညီလာခံကို ပျက်ပြားအောင်လုပ်လို့မရတော့ မင်းကိုနိုင်တို့ ခေါင်းဆောင်ပြီး ဩဂုတ်လဆန်းကစပြီး ပြည်တွင်းမှာ ဆူပူမှုတွေလုပ်ဖို့ ကြိုးစားခဲ့ပြန်ပါတယ်။ အဲဒီလို အကြမ်းဖက်မှုတွေမှာရော၊ အမျိုးသားညီလာခံ ပျက်ပြားရေးကြိုးပမ်းဆောင်ရွက်မှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးတဲ့ လုပ်ရပ်တွေကိုပါ လုပ်ဆောင်လာတာကြောင့် နောက်ဆုံးမှာ မင်းကိုနိုင်ခေါင်းဆောင်တဲ့ ၈၈အုပ်စုဝင်တွေကို တာဝန်ရှိသူများက ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီထဲက ဌေးကြွယ်ကတော့ ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်ပြီး သံဃာတော်များအတွင်းမှ ဆူပူဆန္ဒပြမှုတွေဖြစ်လာအောင် ပြည်ပ မီဒီယာများက တစ်ဆင့် လှုံ့ဆော်သွေးထိုးနေတုန်းပါပဲ။

**ကဲ စဉ်းစားကြည့်ကြပါဗျာ။ နိုင်ငံတော်က ဒီမိုကရေစီရှေ့ခရီးအတွက် အဆင်ပြေပြေ၊ ချောချောမွေ့မွေ့သွားနိုင်အောင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက်ပေးနေချိန်၊ လူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်ကြီးများက ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာဖို့ လိုအပ်တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းဆုံးဖြတ်လို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေကို လုပ်နေချိန်မှာ ပြည်တွင်းက အာဏာကို ဖြတ်လမ်းနည်းနဲ့ လိုချင်တဲ့အဖွဲ့များက အကြမ်းဖက်လမ်းစဉ်၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်တွေနဲ့ အဖျက်လုပ်ရပ်တွေကို လုပ်နေကြတယ်။ ကျွန်တော်တို့ ဘယ်ဘက်ကရပ်မှာလဲ၊ ဘယ်သူကိုထောက်ခံလို့ဘယ်သူ့ကို ဆန့်ကျင်ကြမှာလဲ၊ အဖြေကတော့ ရှင်းနေပါပြီ။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့ အားသွန်ခွန်စိုက်လုပ်နေတဲ့လူဘက်က ရပ်တည်ရမှာပဲ။ သမိုင်းဘီးကို နောက်ပြန်လှည့်ပြီး ၁၉၈၈ခုနှစ်က အခြေအနေကို ရောက်အောင် လုပ်နေတဲ့လူတွေကိုတော့ တားဆီးရမှာပဲ။ ဒီနေရာမှာ ကျွန်တော်တို့အားလုံး သတိထားရမယ့် အချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ပြည်တွင်းက ပုဆိန်ရိုးများဟာ ပြည်ပက ဆရာကြီးများရဲ့ အကူအညီမရရင် ဘယ်လိုမှ ရပ်တည်လို့မရပါဘူး။ နောက်အပိုင်းမှာတော့ နောက်ကဝိုင်းပြီး ဘေးတီးပေးနေတဲ့ ဆရာကြီးများအကြောင်း ဆက်ပါဦးမယ်။ ။**





စက်တင်ဘာ ၁၃ရက်က ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် ကချင်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ် ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

# အင်ဂျင်နီယာလုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၆

**အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၂၄ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ခန်းမ၌ အင်ဂျင်နီယာလုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၇) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အမျိုးသမီးလေ့ကျင့်ရေးထူးချွန်ဆုရ ဒေါ်ဝါဝါခိုင်၊ အမျိုးသား လေ့ကျင့်ရေးထူးချွန်ဆုရ ဦးဇော်လင်း၊ အမျိုးသမီး စာပေထူးချွန် တတိယဆုရ ဒေါ်မျိုးဇင်မြင့်၊ အမျိုးသမီး စာပေ ထူးချွန် ဒုတိယဆုရ ဒေါ်စောမြတ်နွယ်၊ အမျိုးသမီး စာပေထူးချွန် ပထမဆုရ ဒေါ်အေးအေးမွန်၊ အမျိုးသား စာပေ ထူးချွန် တတိယဆုရ ဦးမျိုးဇော်၊ အမျိုးသားစာပေထူးချွန် ဒုတိယဆုရ ဦးသော်လင်းစိုး၊ အမျိုးသားစာပေထူးချွန် ပထမဆုရ ဦးစိုးဇော်လတ်၊ အမျိုးသမီးစံပြ သင်တန်းသူဆုရ ဒေါ်မြမြသန်း၊ အမျိုးသား စံပြသင်တန်းသားဆုရ ဦးသက်နှင်းတို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမှတ်တရပစ္စည်းများကိုပေးအပ်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသား ဦးဇော်လင်းအားပေးအပ်သည်။

အခမ်းအနားသို့ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ အတွင်းရေးမှူး ဦးမောင်မောင်လတ်၊ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးညိုဝင်း၊ ညွှန်ကြားရေးမှူးများ၊ လက်ထောက် အင်ဂျင်နီယာချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၉-၂၀၀၇ (ကြာသပတေးနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "ယဉ်ယဉ်ကျေးကျေးတရားတော်"(ဓမ္မဒူတအရှင်ဆေကိန္ဒဆရာတော်) |
| ၈း၀၀-၂း၀၀ | ဆင်ဖြူတောင်မှ(၁၀၈)တောင် |
| ၈း၂၅-၂း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀-၂း၃၀ | ပြည်တွင်းအနုပညာရေးရာ |
| ၉း၀၀-၃း၀၀ | ငါးရစ်မျိုးငါး---တို့မစား (ရော၊ခိုင်သင်းကြည်)(ဒါရိုက်တာ-ရဲဝင်းနီ) |
| ၉း၁၀-၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀-၃း၂၀ | တေးဂီတအစီအစဉ် |
| ၉း၂၅-၃း၂၅ | Good Health (ကျန်းမာရေးပညာပေးဟောပြောပွဲ)(အပိုင်း-၁) (ဒေါက်တာရဲမြင့်ကျော်) |
| ၉း၅၅-၃း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀-၄း၀၀ | ပတ်ဝန်းကျင်ကိုအလှဆင်နေသော ရောင်စုံကွန်ကရစ် အုတ်ဘလောက်တုံးလေးများ |
| ၁၀း၁၀-၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅-၄း၁၅ | မြန်မာစာ၊မြန်မာစကား |
| ၁၀း၃၅-၄း၃၅ | သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၈) |
| ၁၀း၅၀-၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅-၄း၅၅ | ချောင်းမကြီး(မြို့လှ)ရေလှောင်တမံ |
| ၁၁း၀၅-၅း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀-၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀-၅း၂၀ | ပြည်တွင်းမှာပင်ထုတ်လုပ်သည် နိုင်ငံတကာစံချိန်မီ |
| ၁၁း၃၀-၅း၃၀ | တေးဂီတအစီအစဉ် |
| ၁၁း၃၅-၅း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀-၅း၄၀ | VJ Choice |
| ၁၂း၁၀-၆း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅-၆း၁၅ | ပြည်သူ့အတွက် EMS |
| ၁၂း၂၅-၆း၂၅ | တေးဂီတအစီအစဉ် |
| ၁၂း၃၀-၆း၃၀ | စားချင်စဖွယ်နည်းအသွယ်သွယ် (ဂျပန်ရေညှိထမင်းလိပ်ပြုလုပ်နည်း) |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၆

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော** Chinnery Assets Limited.**သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ်** AD-1,AD-8 **နှင့်** AD-6 **တို့တွင်** 2D Seismic Survey **တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ်** DONG FANG KAN TAN N0-1 **ဖြင့် ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁ရက်မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်ခန့်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။**

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့် တည်နေရာ ဧရိယာအကျယ်အဝန်းမှာ လုပ်ကွက်အမှတ် AD-1 တွင် Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်အတွင်းတွင်လည်းကောင်း၊ လုပ်ကွက်အမှတ် AD-8 တွင် Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၅ မိနစ် ၀၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၂၀ မိနစ် ၀၀ စက္ကန့်၊ Point-E မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၂၅ မိနစ် ၀၀ စက္ကန့်၊ Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၅ မိနစ် ၀၀ စက္ကန့်အတွင်းတွင် လည်းကောင်း၊ လုပ်ကွက်အမှတ် AD-6 တွင် Point-A မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၉ မိနစ် ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၅မိနစ် ၁၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၂ မိနစ် ၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၅မိနစ် ၁၀စက္ကန့်၊ Point-E မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၂ မိနစ် ၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၇ မိနစ် ၃၅ စက္ကန့်၊ Point-A မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၉ မိနစ် ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၁၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ တိုင်းတာရေးရေယာဉ် DONG FANG KAN TAN NO-1 ဖြင့် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ (၄)ကီလိုမီတာပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's)ထုတ်ပြန်ကြေညာထားသဖြင့် သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အသိပေးထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပိုးလောက်လမ်းနှိမ်နင်းရေးနှိုးဆော်ချက်

၁။ ပိုးလောက်လမ်းနှိမ်နင်းရေးသည် သွေးလွန်တုပ်ကွေး ကပ်ရောဂါကို ထိန်းချုပ်ရာ၌ အဓိကလုပ်ငန်းဖြစ်ပါသည်။

၂။ ပိုးလောက်လမ်းကို ထိရောက်စွာနှိမ်နင်းနိုင်ရေးအတွက် အောက်ပါအချက်(၃)ချက်နှင့် ပြည့်စုံရပါမည်-

**(က) ခြင်ပေါက်ပွားနိုင်သော ရေစည်၊ ရေအိုးနှင့် ရေတင် ကျန်နိုင်သော ပစ္စည်းများတွင် ပေါက်ပွားနေသော ပိုးလောက်လမ်းအားလုံး ကင်းရှင်းရန်၊**

**(ခ) ရပ်ကွက်ကျေးရွာအတွင်းရှိ အိမ်၊ ကျောင်း၊ လူနေအဆောက် အအုံအားလုံးမှာ ပိုးလောက်လမ်း ကင်းစင်ရန်၊**

**(ဂ) မိသားစုတိုင်းနှင့် ရပ်ရွာလူထုမှ ပိုးလောက်လမ်း နှိမ်နင်းမှုကို တစ်ချိန်တည်း၊တစ်ပြိုင်တည်း တစ်ပတ် တစ်ကြိမ် ပုံမှန်ဆောင်ရွက်ရန်၊**

၃။ ကလေးငယ်များ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန် မိမိတို့နေအိမ်နှင့် ပတ်ဝန်းကျင်တွင် ပိုးလောက်လမ်း ကင်းစင်အောင်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အစည်းအဝေးတက်ရောက် ထားဝယ်လေယာဉ်ကွင်း မွမ်းမံပြုပြင်တည်ဆောက်နေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၆

**တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် စက်တင်ဘာ ၂၃ ရက်တွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားကြသည်။**

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ထားဝယ်လေယာဉ်ကွင်း မွမ်းမံပြုပြင် တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေး ပြည့်ဝစွာ တည်ဆောက်ရေး၊ ရေရှည် ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးအတွက် အလေးဂရုပြု တည်ဆောက်သွားရေးတို့ကို မှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ထားဝယ်မြို့နယ် ရောင်းမော်ကျေးရွာသို့ ရောက်ရှိကြပြီး အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးအောင်ဝင်းက ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိသည့် ဂျောဘုရား (လှည်းကြောင်းတော) စေတီတော်အား ဘက်စုံပြုပြင်မွမ်းမံနေမှုများကို ကြည့်ရှုသဒ္ဒါပွားများကာ မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ဘက်စုံပြုပြင်တည်ဆောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ညောင်ရင်ကျေးရွာသို့ ရောက်ရှိကြပြီး အလှူရှင် သီရိသုဓမ္မမဏိဇောတရေ ဦးအောင်ဝင်း လှူဒါန်းသည့် ကျေးလက်နေပြည်သူများ သန့်ရှင်းသည့် သောက်သုံးရေရရှိရေးအတွက် တည်ဆောက်လျက်ရှိသော ရေချိုကန်တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ ပန်းတောရပ်ကွက် ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်တည်ဆောက်မှုလုပ်ငန်း အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

## သုံးစွဲနိုင်

ပန်းတောရပ်ကွက် ရေအားလျှပ်စစ်စက်ရုံမှာ သရက်ချောင်းမြို့ တောင်ဘက် တစ်မိုင်ခန့်အကွာ ထားဝယ်မြို့ ကားလမ်းရှိ ပန်းတောရပ်ကွက် အရှေ့ဘက်ပေါ်တော်မူ ဘုန်းကြီးကျောင်း၌ တည်ရှိပြီး TAYO အမျိုးအစား ၉၀ ကီလိုဝပ်ဒိုင်နမိုဖြင့် တစ်နှစ်လျှင် ရှစ်လခန့် ရေရှိမှု အခြေအနေပေါ်မူတည်ကာ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲနိုင်သည်။

## ပေးအပ်

ထို့နောက် ဝန်ကြီးသည် ထားဝယ်မြို့ သမိုင်းဝင် ရှင်မုတ္တီးစေတီတော်သို့ သွားရောက်ဖူးမြော် ကြည်ညိုကာ စေတီတော်ဘက်စုံအသုံးပြုနိုင်ရန် အလှူငွေများကိုပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ထားဝယ်မြို့ ဝဲကျွန်းရပ်ရှိ ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာ မောင်နီ၏ စီးပွားဖြစ် ကြက်မွေးမြူရေး ခြံသို့ ရောက်ရှိပြီး မွေးမြူထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ဇီဝလုံခြုံမှု ဂရုပြုဆောင်ရွက်ရန်နှင့် ရောဂါဘယကင်းရှင်းသော စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး မှာကြားသည်။

## ဖူးမြော်

ယင်းနောက် ဝန်ကြီးသည် ထားဝယ်မြို့ ကရပ်ပြင်ရပ်ရှိ ရှင်ပင်ခရစေတီတော်သို့သွားရောက် ဖူးမြော်ကြည်ညိုကာ စေတီတော်အတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါကုန်းမြေ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာသုခလမ်းနေ ဒေါ်ရှုဘီမိသားစုတို့က အလှူငွေကျပ် ၁၁၁၀၀၀ လှူဒါန်းရာ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် ရုံးအဖွဲ့မှူး ဦးအောင်သန်းတို့ လက်ခံယူစဉ်။ (က-ပ)




လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနေ ဒေါ်အုန်းကြည်က (၇၀)ပြည့် မွေးနေ့အတွက် ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ အမှုဆောင် ဦးဘသန်း လက်ခံယူစဉ်။ (က-ပ)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ရှင်းလမ်း ၅ ရပ်ကွက်နေ ဒေါက်တာလှမင်းထွန်း-ဒေါ်အေးအေးမာ၊ သမီး မာမာမင်းထွန်းမိသားစုက ငွေကျပ် ၁၀၀၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)




## ဆုချီးမြှင့်

**၂၀၀၇ခုနှစ် မွန်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက်က မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၏ ဇနီးဒေါ်မြင့်မြင့်စိုးဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။**

(၃၀၇)



**မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေး၊ ရေစက်ရုံဖြစ်သော အတ္ထရံ(၁) ရေစက်ရုံတွင် စက်များ မောင်းနှင်နေမှုကို စည်ပင်သာယာရေးဦးစီးဌာနရုံးချုပ်မှ ဒုတိယညွှန်ကြားရေးမှူး(စီမံ)ဦးခင်လတ်နှင့် ဒုတိယညွှန်ကြားရေးမှူး(အင်/ယာ)ဦးစိုးကိုကိုတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# ၂၀၀၇ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်း စစ်ဌာနချုပ် ၂၀၀၇ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် လှိုင်မြို့နယ်ရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိုးလုံလေလုံ အားကစား ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ စစ်ဒေသမှူး၊ တပ်နယ်မှူးများနှင့် ဇနီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ဇနီးများ၊ အရာရှိစစ်သည်များနှင့် မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် လှဌွေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် လှဌွေးဝင်း၊ ဇနီး ဒေါ်မာမာဝေနှင့် ဧည့်သည်တော်များသည် လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များကို ကြည့်ရှုအားပေးကြသည်။

## ယှဉ်ပြိုင်

ရန်ကုန်တိုင်း စစ်ဌာနချုပ် ၂၀၀၇ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲသို့ တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၁၇ သင်းနှင့် အားကစားသမား ၁၀၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကာလမှာ စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်အထိ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၇-၉-၂၀၀၇ (ကြာသပတေးနေ့)

#### နံနက်ပိုင်း

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

#### ညပိုင်း

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ မြန်မာသံစဉ်ချိုနားဝင် |
| ၅:၃၀ | ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၅:၃၅ | ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၅:၄၀ | ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၂။ နိုင်ငံတကာသတင်း |
| ၆:၂၅ | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၂၅)** |
| ၈:၀၀ | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ မိုးလေဝသသတင်း |
| | ၁၇။ အမျိုးသားရေးတေးကဗျာ |
| | ၁၈။ ကုန်သွယ်သုတ |
| | ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - "ဒဏ်ရာများနှင့်နှလုံးသား" (အပိုင်း-၄)** |
| | ၂၁။ သင့်အတွက်မနက်ဖြန် |
| | ၂၂။ အပိတ်နှုတ်ဆက်စကား |
| | ၂၃။ ပြီးပါပြီ။ |

○ **လုံခြုံရေးမှ**

ပစ်ခတ်လူစုခွဲခဲ့ရသည်။ ထိုသို့ ပစ်ခတ် လူစုခွဲမှုကြောင့် ဆန္ဒပြ လူအုပ်စုမှာ လူစုကွဲသွားခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် မိမိဘက်မှ ဆိုင်ကယ်နှစ်စီး မီးရှို့ဖျက်ဆီးခံရပြီး ရဲအရာရှိကြီးနှစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင်ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**ထိခိုက်ဒဏ်ရာရ**

အကြမ်းဖက်ဆန္ဒပြ လူအုပ်စုအတွင်းမှ အမည်မသိ အသက် ၃၀ခန့် အမျိုးသားတစ်ဦး သေဆုံးပြီး အမှတ်(၃၅၉) အနော်မာလမ်း (၉၃)ရပ်ကွက်ဒဂုံဆိပ်ကမ်းမြို့နယ်နေ အဘ ဦးလှထွန်း၏ သား ဟန်ထွန်းလင်း ယာဘက်ပေါင်တွင် လည်းကောင်း၊ အမှတ်(၂၀၁) အခန်း (၃၀၁)ဘုရားလမ်း ကမာရွတ်နေ အဘ ဦးထွန်းမြင့်၏ သား ဝင်းထွဋ် အသက် (၂၇)နှစ်၏ယာဘက်တင်ပါးတွင် လည်းကောင်း၊ အမှတ်(၁၉) ကျောင်းလမ်း ရွှေပြည်သာနေ ဖြူဖြူဝင်း အသက် (၄၇) နှစ်၏ ဝဲဘက်ရင်အုံနှင့် ဝဲဘက် လက်ဖျံတို့တွင် လည်းကောင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ၎င်း ထိခိုက်ဒဏ်ရာ ရရှိသူများကို ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် တင်ပို့ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တန်းစီလမ်းလျှောက်ရာတွင် ပါဝင်သော အဖျက်အမှောင့်သမားအချို့က အိမ်များသို့ တက်ရောက်ပြီး အဓမ္မခြိမ်းခြောက်ကာ ဆက်ကြေးတောင်း လူစုသည့် ပုံစံမျိုးလုပ်ဆောင်လျက်ရှိ

❒ **ကျောဖုံးမှ**

နိုင်ငံအတွင်းရှိ မြို့ကြီးအချို့တို့တွင် သံဃာအချို့နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အဖျက်အမှောင့်သမားများသည် စီတန်းလမ်းလျှောက် ဆန္ဒပြခြင်းများ ပြုလုပ်လျက်ရှိကြသည်။

ဤသို့ **သံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့စီတန်းလှည့်လည်ဆန္ဒပြရာမှ ပြည်သူလူထုတစ်ရပ်လုံး ပါဝင်လာသယောင် ပြည်ပအသံလွှင့်ဌာနကြီးအချို့နှင့် အဖျက်အမှောင့်သမားများက ကြေညာချက်၊ ပန်ကြားချက်၊ ပန်ကြားလွှာများထုတ်ပြန်ကာ ဆူပူဆန္ဒပြမှုကို အရှိန်မြှင့်ဆောင်ရွက်ရန် ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည်။**

**ယခုအခါ ဤကဲ့သို့လုပ်ဆောင်မှုများအပေါ် တည်ငြိမ်အေးချမ်းစွာ နေထိုင်စားသောက်လိုကြသော ပြည်သူအများက လက်ခံပါဝင်ဆောင်ရွက်ခြင်းမရှိကြသည့်အတွက် တန်းစီလမ်းလျှောက်ရာတွင် ပါဝင်သော အဖျက်အမှောင့်သမားအချို့က ဆန္ဒပြနေရာအသီးသီး၌ ရပ်ကွက်များအတွင်းရှိ အိမ်များသို့ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ တက်ရောက်ပြီး ဆန္ဒပြသံဃာတော်များ၏ ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ငွေကြေး၊ပစ္စည်းများ လှူဒါန်းကြရန် အဓမ္မတိုက်တွန်းခဲ့ကြောင်း၊ ဤသို့လုပ်ဆောင်ပေးနိုင်ခြင်းမရှိပါက သက်ဆိုင်ရာ လူပုဂ္ဂိုလ်နှင့် နေအိမ်အဆောက်အအုံများ၏ လုံခြုံမှုအတွက် တာဝန်မယူနိုင်ကြောင်း၊ ထို့အပြင် သံဃာဆန္ဒပြဆူပူမှုများတွင် ၎င်းအိမ်များမှ ပါဝင်အားပေးခြင်းပြုလုပ်ကြရန်နှင့် လူကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ပါက ငွေကြေးပံ့ပိုးထည့်ဝင်ရန်ဖြစ်ကြောင်း၊ ထိုသို့မဆောင်ရွက်နိုင်ပါက သက်ဆိုင်သူများ၏ အသက်အိုးအိမ် လုံခြုံမှုအတွက် အာမ မခံနိုင်ကြောင်း စသည်ဖြင့် အဓမ္မခြိမ်းခြောက်ကာ ဆက်ကြေးတောင်းလူစုသည့် ပုံစံမျိုးလုပ်ဆောင်လျက်ရှိကြကြောင်း၊ ထို့အပြင် သံဃာအချို့မှာ အိမ်တွင်းဝင်၍ အအေး၊ ဖျော်ရည်များကပ်ခိုင်းကြောင်း၊** ထို့နောက် ယခုဆန္ဒပြဆူပူမှုတွင် လူကိုယ်တိုင် မပါဝင်နိုင်ပါက ပါဝင်သူများအတွက် အုပ်ချုပ်မှုကိစ္စ အဆင်ပြေစေရေး လှူဒါန်း ထောက်ပံ့ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားကြောင်း၊ အဆိုပါ သံဃာဆိုသူများအား ယခင်ကလည်း မသိမမြင်ဖူးကြောင်း၊ ဆရာဒကာရင်းများလည်း မဟုတ်ကြောင်းဖြင့် သိရသည်။

ဤသို့ အဓမ္မခြိမ်းခြောက်မှုများကြောင့် အိမ်ထောင်စုအချို့မှာ ငွေကျပ် လေးငါးသောင်းမှ တစ်သိန်းခန့်အထိ ဆက်ကြေးသဘော ပေးခဲ့ကြရကြောင်းဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများသို့ အသီးသီးတိုင်ကြားလျက်ရှိကြသည်။

**သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် ဤသို့ ဆန္ဒပြဆူပူမှုဖြစ်စဉ်များကို အကြောင်းပြု၍ ခြိမ်းခြောက်အကျပ်ကိုင်ကာ ငွေကြေးကောက်ခံခြင်း၊ ဆူပူမှုများအတွင်းသို့ ကာယကံရှင်ဆန္ဒ မပါရှိဘဲ အတင်းအကျပ် ခေါ်ယူခြင်းများ ပြုလုပ်လာပါက သက်ဆိုင်ရာ ရယက၊မယကနှင့် ဒေသအာဏာပိုင်များထံသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း တိုင်ကြားကြရန်၊ အကယ်၍ လုပ်ဆောင်သူအားသိရှိပါက မည်သူ မည်ဝါဖြစ်သည်ကို အတိအကျဖော်ထုတ်တိုင်ကြားကြရန်နှင့် မိမိတို့မိသားစုလုံခြုံရေးအတွက်လည်း သတိထား နေထိုင်ကြရန် သက်ဆိုင်ရာက အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။** (သတင်းစဉ်)

**အဓမ္မ ခြိမ်းခြောက်မှုများကြောင့် အိမ်ထောင်စု အချို့မှာ ငွေကျပ် လေးငါးသောင်းမှ တစ်သိန်းခန့်အထိ ဆက်ကြေး သဘောပေးခဲ့ကြရကြောင်း ဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများသို့ အသီးသီး တိုင်ကြားလျက်ရှိ။**

# ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ဝင်များအား တွေ့ဆုံမှာကြား

**ရန်ကုန် စက်တင်ဘာ ၂၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့၌ စက်တင်ဘာ ၂၈ရက်မှ အောက်တိုဘာ ၁၂ရက်အထိကျင်းပမည့် ကမ္ဘာ့ဉာဏ်ရည်မမီသူများအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဉာဏ်ရည်မမီသူများအားကစားအဖွဲ့အား တွေ့ဆုံမှာကြားခြင်းနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကိုယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဉာဏ်ရည်မမီသူများ အားကစားအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**လှူဒါန်း**

ယင်းနောက် ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့အတွက် အားကစားနှင့် ကာယပညာဦး စီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)နှင့်တာဝန်ရှိသူတို့က အလှူရှင် ၃၀ တို့၏လှူဒါန်းငွေကျပ် ၁၅၆၃၀၀၀၀၊ အမေရိကန်ဒေါ်လာ ၁၈၆၃နှင့် FEC ၆၁၃တို့ကို လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

2007

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2007

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့

"TOWARDS A SOCIETY FOR ALL AGES"
"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက်တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်ထားသည့်ဇုန်များ၌ ယနေ့ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

(က)အုပ်စုမော်လမြိုင်ဇုန်၌ ကျင်းပသော ပြိုင်ပွဲတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းက မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စု ပုသိမ်ဇုန်၌အမှတ်(၇၇) ခြေမြန်တပ်မ ဌာနချုပ်အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် အသင်းကို ခုနစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ (ဂ)အုပ်စု မုံရွာဇုန်၌ အမှတ်(၁၁) ခြေမြန်တပ်မ ဌာနချုပ် အသင်းက အမှတ်(၁၀၁)ခြေမြန်တပ်မ ဌာနချုပ် အသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု မန္တလေးဇုန်၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ်အသင်းကို ၁၇ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ (င)အုပ်စု တောင်ငူဇုန်၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး အသင်းက အမှတ်(၃၃) ခြေမြန်တပ်မ ဌာနချုပ် အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် လည်းကောင်းအသီးသီးအနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

**ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတွင် မုတ်သုံလေအား အသင့်အတင့်ရှိမည်။**

# ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်မှုကို လိုလားသည်
- ☆ အေးချမ်းမှုကို လိုလားသည်
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

## လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား ဆန္ဒပြလူအုပ်စုက ခဲဖြင့်ပစ်ပေါက်၊ လေးခွဖြင့်ပစ်၊ လူအင်အားသုံး ဝင်ရောက်သဖြင့် တားဆီးထိန်းသိမ်းရဲအရာရှိကြီးနှစ်ဦးနှင့် တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရ ဆန္ဒပြအုပ်စုမှ တစ်ဦးသေ၊ သုံးဦးဒဏ်ရာရရှိ

**နေပြည်တော် စက်တင်ဘာ ၂၆**

စက်တင်ဘာ ၂၆ရက် မွန်းလွဲ ၁၂နာရီခွဲခန့်တွင် သံဃာများနှင့် လူများပါဝင်သော အင်အား ၁၀၀၀၀ခန့်ရှိ ဆန္ဒပြအုပ်စုတစ်စုသည် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်း မီးပွိုင့်အနီးသို့ ရောက်ရှိလာခဲ့သည်။ ၎င်းလူအုပ်စုတွင် ဘုန်းကြီးဆိုသူများ၊ ၈၈မျိုးဆက် ကျောင်းသားဆိုသူများ၊ ABSDF အဖွဲ့ဝင် အကြမ်းဖက်သူများနှင့် NLD မှ အဖွဲ့ဝင်များပါဝင်ပြီး တောင်းဆိုချက်များ အော်ဟစ်တောင်းဆိုခြင်း၊ ညာသံပေးအော်ဟစ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ဆူးလေစေတီတော်အနီးရှိ တာဝန်ကျလုံခြုံရေးတပ်ဖွဲ့ဝင်များသည် အဆိုပါလူအုပ်ကြီးအား ရှေ့ဆက်တိုးခြင်းမပြုရန်၊ အေးဆေးစွာဖြင့် လူစုခွဲကြရန် အသံချဲ့စက်များဖြင့် ဖျောင်းဖျပြောဆိုခဲ့သည်။ သို့သော် ဆန္ဒပြလူအုပ်စုသည် ဖျောင်းဖျတားဆီးနေသော လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ခဲများ၊ လေးခွများ၊ တုတ်များဖြင့်ပစ်ပေါက်ပြီး ကြွေးကြော်သံပေးအော်ဟစ်ကာ လူအုပ်ဖြင့်ဝင်စီးခဲ့သည်။ သို့ပါ၍ လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များသည် ပထမစည်းမှ ဒုတိယစည်းသို့ ဆုတ်ခွာခဲ့ပြီး အကြမ်းဖက်ခြင်းမပြုရန်၊ အေးဆေးစွာလူစုခွဲရန် အသံချဲ့စက်ဖြင့် ထပ်မံကြေညာ ဖျောင်းဖျခဲ့သည်။ သို့ရာတွင် ဆန္ဒပြလူအုပ်စုသည် နာခံခြင်းမရှိဘဲ ဒုတိယစည်းရှိ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များအား ဒုတိယအကြိမ် ခဲ၊လေးခွများဖြင့် ပစ်ကာ လူအုပ်ဖြင့် ဝင်စီးခဲ့သည်။ တစ်ပြိုင်တည်းပင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ ဆိုင်ကယ်နှစ်စီးကို လုယူမီးရှို့ဖျက်ဆီးခဲ့သည်။ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များထံမှ လက်နက်များကို အတင်းတိုးဝင်လုယူရန်ကြိုးစားခဲ့သည်။ ထိုသို့သော အကြမ်းဖက်လာသည့် အခြေအနေများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မတတ်သာတော့သည့် အခြေအနေကြောင့် အတင်းဝင်ရောက်တိုက်ခိုက်အကြမ်းဖက်သော ဆန္ဒပြလူအုပ်စုအတွင်းသို့ အနည်းဆုံးအင်အားသုံးပြီး **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❍

## သံဃာအချို့နှင့် လူပုဂ္ဂိုလ်အချို့မှ ရပ်ကွက်များအတွင်းရှိ အိမ်များသို့ဝင်ရောက် ဆူပူမှုတွင် ပါဝင်ရန်နှင့် မပါဝင်နိုင်ပါက ငွေကြေး၊ ပစ္စည်းများထောက်ပံ့လှူဒါန်းရန် အဓမ္မတိုက်တွန်း၊ အကျပ်ကိုင်ခြိမ်းခြောက်မှုများပြုလုပ်နေ၍ ဤသို့ အဓမ္မတိုက်တွန်း၊ အကျပ်ကိုင်ခြိမ်းခြောက်မှုများခံရပါက သက်ဆိုင်ရာလုံခြုံရေး၊ ရယက၊ မယကနှင့် ဒေသအာဏာပိုင်များသို့တယ်လီဖုန်း(သို့မဟုတ်) လူကိုယ်တိုင် တိုင်ကြားနိုင်ကြောင်း သက်ဆိုင်ရာက နှိုးဆော်ထား

နေပြည်တော် စက်တင်ဘာ ၂၆

**နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲ၍ နေ့မနားညမအား ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။**

ဤသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသော နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ခဲ့သောကြောင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို နယ်မြေအသီးသီးရှိ တိုင်းရင်းသားလုပ်သားပြည်သူများ လက်တွေ့ခံစားနေရပြီဖြစ်သည်။

သို့ရာတွင် ထိုသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်သော ပြည်တွင်း ပြည်ပအဖျက်အမှောင့်သမားများနှင့် ပြည်ပအသံလွှင့်ဌာနကြီးအချို့က မဟုတ်မမှန် သွေးထိုးလှုံ့ဆော်ပြီး နှတ်ကြောင်းပေး၍ ပြည်တွင်းမတည်မငြိမ်ဖြစ်စေရန်နှင့် ဆူပူအုံကြွမှုဖြစ်စေရန် လုပ်ဆောင်မှုကြောင့် ယခုအခါ ရန်ကုန်မြို့ အပါအဝင် **စာမျက်နှာ ၁၃ ကော်လံ ၂ သို့** ❐